မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁ ရက်၊ ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီ ၂၀ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၅၀)၊ အမှတ် (၁၁၂)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာနိုင်ငံ၌ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ခြင်းနှင့် အပြုသဘော ဖြစ်ပေါ်တိုးတက်မှုများကို အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ ကြိုဆို

ဖြစ်ပေါ်တိုးတက်မှုများကို စီးပွားရေးပိတ်ဆို့ထားသည့် နိုင်ငံများအနေဖြင့် အသိအမှတ်ပြုရန်လိုအပ် အနောက်နိုင်ငံများအနေဖြင့် မြန်မာနိုင်ငံအပေါ် ချမှတ်ထားသည့် ပိတ်ဆို့မှုများ ရုပ်သိမ်းသင့်ပြီ

နေပြည်တော် ဇန်နဝါရီ ၁၉

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် အင်ဒိုနီးရှားသမ္မတနိုင်ငံ လုံဘော့မြို့၌ ဇန်နဝါရီ ၁၅ ရက်မှ ၁၇ ရက်အထိ ကျင်းပသည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ သီးသန့်အစည်းအဝေးနှင့် အာဆီယံပေါင်းစပ်ညှိနှိုင်းရေးကောင်စီ အထူးအစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး ယမန်နေ့ မွန်းလွဲပိုင်းတွင် လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိသည်။

တက်ရောက်

ဝန်ကြီး ဦးဉာဏ်ဝင်းသည် ဇန်နဝါရီ ၁၅ ရက် ညပိုင်းတွင် လုံဘော့မြို့ အိုဘရိုင် လုံဘော့ဟိုတယ်၌ အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီး ဒေါက်တာ အာရ်၊ အမ်၊ မာတီ၊ အမ်၊ နာတလီဂါဝါနှင့် ဇနီးတို့က အာဆီယံနိုင်ငံခြားရေးဝန်ကြီးများနှင့် ဇနီးများ၊ အာဆီယံအတွင်းရေးမှူးချုပ်တို့အား တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

ဝန်ကြီးသည် ဇန်နဝါရီ ၁၆ ရက် နံနက်ပိုင်းတွင် အိုဘရိုင် လုံဘော့ဟိုတယ်၌ ကျင်းပသည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ သီးသန့်အစည်းအဝေးသို့ တက်ရောက်၍ ဒေသတွင်းနှင့် နိုင်ငံတကာရေးရာ ကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့သည်။

စာမျက်နှာ ၈ ကော်လံ ၁ ✻

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း အင်ဒိုနီးရှားသမ္မတနိုင်ငံ လုံဘော့မြို့၌ ကျင်းပသည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ သီးသန့်အစည်းအဝေးတွင် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

ဖွံ့ဖြိုးတိုးတက်နေသည့် ဧရာဝတီအနောက်ဘက်ကမ်းက မြို့ပခုက္ကူ

သတင်းဆောင်းပါး- ကိုတင်လှိုင် (မိတ္ထီလာ)
ဓာတ်ပုံမှတ်တမ်း - ကိုသန့်စင်

ပခုက္ကူ ဇန်နဝါရီ ၁၉

ပခုက္ကူမြို့သည် ဧရာဝတီမြစ် အနောက်ဘက်ကမ်းရှိ အစည်ကားဆုံး မြို့ကြီးတစ်မြို့တွင် ပါဝင်သည်။ ပခုက္ကူမြို့သည် ရေစကြို၊ မြိုင်၊ ပေါက်၊ ဆိပ်ဖြူမြို့နယ်များနှင့် ဆက်စပ်နေသည်။ ပခုက္ကူမြို့ ဧရာဝတီမြစ်ကမ်းတွင် မြန်မာပြည်အထက်ပိုင်း၊ အောက်ပိုင်းမှ ကုန်သင်္ဘောများ ဆိုက်ကပ်ကာ ကုန်စည်ကူးသန်းရောင်းဝယ်လျက်ရှိသည်။ ပခုက္ကူမြို့မှ ဆော၊ ဂန့်ဂေါ၊ မန္တလေး၊ ညောင်ဦး၊ ပေါက်၊ မြိုင်၊ ရေစကြို၊ ဆိပ်ဖြူမြို့များသို့ ကားဖြင့် အလွယ်တကူသွားလာနိုင်ပြီး လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သည်။ ပခုက္ကူမြို့မှာ ပဲမျိုးစုံနှင့် မန်ကျည်းသီးများ အထူးရောင်းဝယ်ဖောက်ကားရာ မြို့ကြီးတစ်မြို့ဖြစ်သည်။

ဘက်စုံဖွံ့ဖြိုးတိုးတက်

ပခုက္ကူမြို့သည် ခရိုင်မြို့ကြီးဖြစ်သည်နှင့်အညီ ပခုက္ကူမြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် ပခုက္ကူမြို့ကြီးကို ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ ●

ပခုက္ကူမြို့၏ သန့်ရှင်းလှပသော မြစ်ရောလမ်း၏ တစ်နေရာကို ဤသို့ တွေ့ရသည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၁၁ ခုနှစ် ဇန်နဝါရီ ၂၀ ရက်)

ပဲမျိုးကောင်း မျိုးသန့်များ တိုးတက်စိုက်ပျိုးထုတ်လုပ်

နိုင်ငံတော်အစိုးရသည် လယ်ယာစိုက်ပျိုးရေးကဏ္ဍထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရန်အတွက် စိုက်ပျိုးမြေဧကများကို တိုးချဲ့ဖော်ထုတ်စိုက်ပျိုးလျက်ရှိသည်။

မြန်မာ့လယ်ယာကဏ္ဍ၌ ၁၉၈၈ ခုနှစ်အထိ မြေလွတ်မြေရိုင်း ဧက ၂၆သန်းကျော် အသုံးမချနိုင်သည့် အခြေအနေရှိခဲ့ရာမှ ယခုအခါ အဆိုပါ မြေလွတ်မြေရိုင်းဧက ၂၆သန်းကျော်အနက် ဧက ၁၁ ဒသမ ၇ သန်းကို စိုက်ပျိုးမြေအဖြစ် ဖော်ထုတ်စိုက်ပျိုးနိုင်ခဲ့ပြီဖြစ်သည်။ သီးနှံအထွက်ကောင်းရန်အတွက် စိုက်ပျိုးရေးနည်းပညာ၊ မျိုးကောင်းမျိုးသန့်နှင့် ဓာတ်မြေဩဇာရရှိရေး ဆောင်ရွက်ပေးခဲ့သည်။ စိုက်ပျိုးရေရရှိရေးအတွက်လည်း ရေလှောင်တမံများ၊ ရေထိန်းတံခါးများ၊ မြစ်ရေတင်စီမံကိန်းများနှင့် မြေအောက်ရေရရှိရေးလုပ်ငန်းများကို နည်းလမ်းပေါင်းစုံဖြင့် ဖြည့်ဆည်းဖော်ဆောင်ပေးလျက်ရှိသည်။

မြန်မာနိုင်ငံသည် ဆန်စပါးထုတ်လုပ်မှုမြင့်မားသည့် နိုင်ငံအဆင့်ကို တက်လှမ်းနိုင်ခဲ့သည့်အပြင် အခြားသီးနှံတစ်မျိုးဖြစ်သည့် ပဲမျိုးစုံကိုလည်း အရှေ့တောင်အာရှဒေသအတွင်း၌ တိုးတက်စိုက်ပျိုးနိုင်သည့် နိုင်ငံဖြစ်လာခဲ့ပြီဖြစ်သည်။

ပဲမျိုးစုံထုတ်လုပ်မှုတွင် ၁၉၈၈ ခုနှစ်က စိုက်ဧက ၁ ဒသမ ၈ သန်းရှိပြီး တန်ချိန် ၁၇၀၀၀၀ သာ ထွက်ရှိခဲ့ရာမှ ယခုအခါ စိုက်ဧက ၁၀ ဒသမ ၅၇ သန်းကျော်တွင် တန်ချိန် ၄၉ ဒသမ ၇၅ သိန်းအထိ တိုးတက်ထွက်ရှိ ထုတ်လုပ်နိုင်ခဲ့သည်။ ကမ္ဘာ့အဆင့်တွင်မူ ဩစတြေးလျနိုင်ငံပြီးလျှင် ဒုတိယအများဆုံး ထုတ်လုပ်တင်ပို့နိုင်သည့် နိုင်ငံအဖြစ် ရပ်တည်နိုင်ခဲ့ပြီဖြစ်သည်။ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံတို့ကိုလည်း ပန်းတိုင်အထွက်နှုန်းများရရှိရန် မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးခြင်း၊ ဒေသအလိုက်သီးနှံပုံစံပြောင်းလဲခြင်းတို့ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ယခုအခါ အထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်သည့် ပဲမျိုးကောင်းမျိုးသန့်များ တိုးတက်စိုက်ပျိုးထုတ်လုပ်၍ နိုင်ငံတကာဈေးကွက်သို့ ယှဉ်ပြိုင်ဝင်ရောက် ထိုးဖောက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ တန်ဖိုးမြင့် ထုတ်ကုန်များ ပိုမိုထုတ်လုပ်တင်ပို့နိုင်ပြီး အထူးသဖြင့် ပဲအထူးပြုကုမ္ပဏီများ တိုးချဲ့ဖွဲ့စည်း၍ ပြည်တွင်းပြည်ပ ဈေးကွက်ခိုင်မာရေးအတွက် လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိသည်။

ကမ္ဘာ့အဆင့်တွင် ဒုတိယအများဆုံးတင်ပို့နိုင်ပြီး အရှေ့တောင်အာရှနိုင်ငံတွင်း ပဲမျိုးစုံနှင့်စပ်လျဉ်း၍ ဦးဆောင်နိုင်ငံဖြစ်နေသော မြန်မာနိုင်ငံသည် ပဲမျိုးကောင်းမျိုးသန့်များ ပိုမိုထုတ်လုပ်နိုင်ရန် မြေလွတ်မြေရိုင်းများဖော်ထုတ်၍ တိုးချဲ့စိုက်ပျိုးသွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မကွေးတိုင်းဒေသကြီးဥက္ကဋ္ဌ ဦးဘုန်းမော်ရွှေ သရက်ခရိုင်အတွင်း စိုက်ပျိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၁၉

မကွေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဘုန်းမော်ရွှေသည် ဇန်နဝါရီ ၇ ရက် နံနက်ပိုင်းက မင်းတုန်းမြို့နယ် မြောက်ပြင်ကျေးရွာ တိုက်နယ်ဆေးရုံနှင့် အခြေခံပညာအလယ်တန်းကျောင်းများကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

တိုင်းဒေသကြီးဥက္ကဋ္ဌသည် ဇန်နဝါရီ ၈ ရက် နံနက်ပိုင်းက သရက်ခရိုင် ပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိကာ ဆေးရုံသစ်ကြီးတည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ထိုမှတစ်ဆင့် ထုံးတောင်ကျေးရွာ တောင်သူတစ်ဦး၏ ငွေချည်(၆) ချည်မျှင်ရှည်ဝါစိုက်ခင်းတွင် ဝါကောက်ယူနေမှု၊ ကံမမြို့နယ် ရေနံ့သာကျေးရွာအနီးရှိ သရက်-ကံမလမ်းအပိုင်းရှိ မင်းတုန်းချောင်းတံတား ကြံ့ခိုင်ကောင်းမွန်မှုကိုလည်းကောင်း၊ ရေနံ့သာတိုက်နယ် ဆေးရုံ၊ ကံမမြို့နယ် ပြည်သူ့ဆေးရုံ၊ အောင်လံမြို့နယ် ညောင်ပင်ဆိပ်ကျေးရွာ တိုက်နယ်ဆေးရုံနှင့် ပြလို့ကျေးရွာ တိုက်နယ်ဆေးရုံတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြောက်ဥက္ကလာပမြို့နယ် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆု ချီးမြှင့်ပွဲကို ဇန်နဝါရီ ၁၆ ရက်က ကျင်းပရာ ပညာရည်ချွန်ဆုရ သတ္တမတန်းမှ မောင်အောင်မြတ်သူအား ကျောင်းအုပ်ဆရာကြီး ဦးအောင်ကြည် ဆုချီးမြှင့်စဉ်။ (ပညာရေး)

ဖျာပုံမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၉

ဖျာပုံမြို့နယ်အသင်း(ရန်ကုန်)မှ ကြီးမှူး၍ ၂၀၁၀ခုနှစ် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုချီးမြှင့်ပွဲနှင့် နိုင်ငံတော်မှ ချီးမြှင့်သော ဘွဲ့ထူး၊ ဂုဏ်ထူးရရှိသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၂၃ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကြားတောရလမ်း အမှတ်(၂၁/၄၃-စီ)ရှိ ဧရာဝတီတိုင်းဒေသကြီး ဓမ္မာရုံ၌ကျင်းပမည်ဖြစ်ရာ တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်သည့် အသင်းသူ အသင်းသားများ၏ သားသမီးများ၊ အသက် ၈၀နှင့်အထက် အသင်းဝင်ကန်တော့ခံသက်ကြီးများ၏ အမည်စာရင်းနှင့် နိုင်ငံတော်မှ ချီးမြှင့်သည့် ဂုဏ်ထူး၊ ဘွဲ့ထူးဆုတံဆိပ်ချီးမြှင့်ခြင်း ခံရသူများသည် ရဲသူရသန်းလှိုင် ဖုန်း-၃၇၉၂၃၁၊ ၀၉-၅၁၄၆၆၅၄၊ ဦးခင်ဦး ဖုန်း-၇၃၀-၁၃၈၄၈၊ ဦးမြင့်ဦး ဖုန်း- ၀၉-၉၉၇၀၂၁၇၊ ဦးကျော်ဆန်းနိုင် ဖုန်း-၀၉-၅၀၂၆၈၃၃ နှင့် ဦးတင်ခိုင် ဖုန်း- ၃၉၂၁၇၆ တို့ထံသို့ ဇန်နဝါရီ ၂၀ ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်ကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

မအူပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ မြို့ဝင်ဆိုင်းဘုတ်အနီး မြေယာရှင်းအလှဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးသန်းအေး ဇန်နဝါရီ ၁၅ ရက်က ကွင်းဆင်းစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

(၆၃)နှစ်မြောက်လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ကလေးပြပွဲ၊ ပြိုင်ပွဲ ယင်းမာပင်၌ ကျင်းပ

ယင်းမာပင် ဇန်နဝါရီ ၁၉

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများ၊ ကလေးပြပွဲ၊ ပြိုင်ပွဲများနှင့် မူကြိုကလေးငယ်များ ကဗျာရွတ်ပြိုင်ပွဲများကို ဇန်နဝါရီ ၃ ရက်နှင့် ၄ ရက်တို့က မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အေးသာယာခန်းမ၌လည်းကောင်း၊ အားကစားပြိုင်ပွဲအမျိုးမျိုးနှင့် ချောတိုင်တက်ပွဲများကို မြို့နယ်အားကစားကွင်းအတွင်း၌လည်းကောင်း ကျင်းပသည်။

ပေးအပ်ချီးမြှင့်

ကဗျာရွတ်ပြိုင်ပွဲ ဆုရရှိသူများနှင့် ကလေးပြိုင်ပွဲဆုရရှိသူများကို မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ရီရီပြုံး **(အောက်ပုံ)**နှင့် အဖွဲ့ဝင်များကလည်းကောင်း၊ အားကစားပြိုင်ပွဲများတွင် ဆုရရှိသူများကို မြို့နယ်ဥက္ကဋ္ဌ ဦးစိုးလှိုင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက လည်းကောင်း ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၀-၁-၂၀၁၁ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ တရားတော်
၇:၃၀ ၃။ ဓမ္မပူဇာတေး
၇:၃၅ ၄။ မျိုးချစ်တပ်မတော်
၇:၄၀ ၅။ မြန်မာပြည်တစ်ဝန်း ရှောင်စုံမှတ်တမ်း
၇:၄၅ ၆။ မြန်မာသံစဉ် ချိုနားဝင်
၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၂၀ ၄။ ဗွီစီဒီကျော်ကြားတေး
၄:၂၅ ၅။ အမျိုးသားရေးတေးကဗျာ
၄:၃၀ ၆။ မွေးမြူသုတ
၅:၁၀ ၇။ အားလုံးရဲ့တာဝန်
၅:၃၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၅:၃၅ ၉။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မာယာနှုတ်ခမ်း** (အပိုင်း-၃၂)
၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၅ ၁၁။ အမျိုးသားရေးတေးကဗျာ
၆:၃၀ ၁၂။ ထူးဆန်းထွေလာမျက်လှည့်ပညာ
၆:၄၅ ၁၃။ ကာတွန်းအစီအစဉ် **ဆိုက်ကစ်ပါဝါသူရဲကောင်းလေးများ** (အပိုင်း-၄၀)
၇:၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဖြူစင်သောအားမာန်** (အပိုင်း-၂၉)
၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ အမျိုးသားရေးတေးကဗျာ
၁၇။ နိုင်ငံတကာသတင်း
၁၈။ မိုးလေဝသသတင်း
၁၉။ ကုန်သွယ်သုတ/ ရွေးဟောင်းသုတ
၂၀။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သိုင်းသမားခုနစ်ဖော်** (အပိုင်း-၃၇)
၂၁။ ဂီတရင်ခုန်သံ

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

ဆေးရုံသုံးပစ္စည်းနှင့် မီးသတ်ယာဉ်လှူဒါန်းပွဲအခမ်းအနား တိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်ဝင်း တက်ရောက်

နေပြည်တော် ဇန်နဝါရီ ၁၉

ဧရာဝတီတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် တင်မောင်ဝင်းသည် ဇန်နဝါရီ ၁၅ ရက် နံနက်ပိုင်းက ရေကြည်မြို့နယ်ခန်းမ၌ ကျင်းပသော ရေကြည်မြို့ ပြည်သူ့ဆေးရုံသို့ ဆေးရုံသုံးပစ္စည်းများနှင့် မြို့နယ်မီးသတ်တပ်ဖွဲ့အတွက် မီးသတ်ယာဉ်လှူဒါန်းပွဲသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

ထို့နောက် အလှူရှင်တစ်ဦးက ပြည်သူ့ဆေးရုံအတွက် အလှူငွေနှင့် ဆေးရုံသုံးပစ္စည်းများ၊ မီးစက် အဆောက်အအုံနှင့်စပ်လျဉ်းသော စာရွက်စာတမ်းများ၊ မီးသတ်ယာဉ်နှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို ပေးအပ်သည်။

ဆက်လက်၍ တိုင်းမှူးသည် မြို့နယ်ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တက်ရောက်ကုသမှု ခံယူနေကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးကာ ထောက်ပံ့ငွေများ ပေးအပ်သည်။ ယင်းနောက် တိုင်းမှူးသည် ရေကြည်မြို့ ကတ္တရာလမ်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။ ဆက်လက်၍ တာဝန်ရှိသူများက လမ်းသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး တိုင်းမှူးနှင့် တာဝန်ရှိသူများသည် လမ်းသစ်ကို ဖြတ်သန်းကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဒီဇင်ဘာ ၂၄ ရက်က ဘားအံမြို့ အခြေခံပညာမူလတန်းလွန်ကျောင်း အမှတ်(၁၀)၏ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် ဘာသာစုံထူးချွန်သုံးနှစ်ဆက်တိုက် ပထမရရှိသူ မောင်ကောင်းခန့်ဇျာန်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်သက်သက်မော် ဆုချီးမြှင့်ပေးအပ်စဉ်။

(ပညာရေး)

ကျောက်ပန်းတောင်း မြို့နယ်စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များအား ထောက်ပံ့ကြေး ပေးအပ်

ကျောက်ပန်းတောင်း ဇန်နဝါရီ ၁၉

ကျောက်ပန်းတောင်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့၏ အသက်(၇၅)နှစ်ပြည့်ပြီးအဖွဲ့ဝင်များအား ထောက်ပံ့ကြေးပေးအပ်ပွဲကို ဒီဇင်ဘာ ၂၉ ရက် နံနက် ၉ နာရီက မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ ဒေသခံတပ်နယ်မှ ဗိုလ်မှူးချုပ် သိန်းဝင်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်မြင့်သိန်း၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ စည်းရုံးရေးကော်မတီဝင်များနှင့် အဖွဲ့ဝင်များ စုံညီစွာ တက်ရောက်ကြသည်။

ချီးမြှင့်

အခမ်းအနားတွင် ဗိုလ်မှူးချုပ် သိန်းဝင်းနှင့် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ကြီး တင်လှိုင်(ငြိမ်း)တို့က အမှာစကားပြောကြားပြီး အသက် (၇၅) နှစ်ပြည့်ပြီး အဖွဲ့ဝင် ၁၃ ဦးတို့အား တစ်ဦးလျှင်ထောက်ပံ့ငွေကျပ် ၄၀၀၀၀ စီကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ဝဲပုံ)**

(မြို့နယ် ပြန်/ဆက်)

မရမ်းကုန်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ နှစ်ပတ်လည် အစည်းအဝေးကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၉

မရမ်းကုန်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ လုပ်ငန်းဆိုင်ရာ အစည်းအဝေးကို ဇန်နဝါရီ ၉ ရက် နံနက် ၉ နာရီက မြို့နယ်ရည်ညွှန်းစာကြည့်တိုက်၌ကျင်းပရာ သဘာပတိအဖြစ် နာယက ဦးကျော်စိုး(မောင်ကျေးဇူး)က ဆောင်ရွက်၍ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့(ဗဟို) ဒုတိယဥက္ကဋ္ဌ (၁) ဦးခင်မောင်ထွန်း (ခင်မောင်ထွန်း - လမ်းမတော်) **(အောက်ပုံ)**နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးတင့်လွင်တို့က အမှာစကားပြောကြားကာ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ (ဦးခင်ဇော်-မရမ်းကုန်း)က စာဖတ်ရှိန် မြှင့်တင်ရေးအတွက် ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ အမှုဆောင်အဖွဲ့ အစီရင်ခံစာကို အတွင်းရေးမှူး (မြေလတ်ထင်ကျော်မိုး)ကလည်းကောင်း၊ ဘဏ္ဍာရေး အစီရင်ခံစာကို ဘဏ္ဍာရေးမှူး (မောင်စိန်လှိုင်- ဥဿာ)ကလည်းကောင်း၊ စာရင်းစစ်အစီရင်ခံစာကို တွဲဖက် အတွင်းရေးမှူး (မျိုးမင်းသိန်း - ရွှေမြိုင်) ကလည်းကောင်း တင်သွင်းခဲ့ကြောင်း သိရှိရသည်။ **(၁၁၁)**

ဆေးနှင့်ဆေးပစ္စည်းလုပ်ငန်းရှင်များ အိန္ဒိယနိုင်ငံသို့ ထွက်ခွာ

ရန်ကုန် ဇန်နဝါရီ ၁၉

အိန္ဒိယနိုင်ငံ Pharmaceuticals Export Promotion Council (PHARMEXCIL) ၏ ဖိတ်ကြားချက်အရ ဇန်နဝါရီ ၁၁ ရက်က စတင်ကျင်းပသည့် ဝယ်သူရောင်းသူ တွေ့ဆုံပွဲနှင့် Vibrant Gujarat 2011 သို့ တက်ရောက်ရန် မြန်မာနိုင်ငံ ဆေးနှင့် ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်းမှ ဥက္ကဋ္ဌ ဒေါက်တာဝင်းစည်သူ ဦးဆောင်၍ ဒုတိယ ဥက္ကဋ္ဌ ဦးသန့်ဇင်၊ အကြံပေးပုဂ္ဂိုလ် ဒေါက်တာစောလှထွန်း၊ ဗဟိုအလုပ်အမှုဆောင် ဒေါက်တာမျိုးသန့်၊ ဦးစိုးမြင့်၊ ဦးခင်မောင်အေး၊ အလုပ်အမှုဆောင် ဦးလှငွေ၊ ဦးအေးမြင့်၊ အသင်းဝင်များဖြစ်ကြသည့် ဒေါက်တာစောဝင်း၊ ဒေါက်တာမြင့်ဆွေ၊ ဒေါက်တာသန့်ဇင်ထွန်း၊ ဦးဇေယျာညီညီ၊ ဦးသိန်းလင်း၊ ဒေါက်တာခင်စန်းအေး၊ ဒေါက်တာမူမူဝင်း၊ ဒေါက်တာခိုင်သဇင်ဦးတို့သည် ဇန်နဝါရီ ၉ ရက် နံနက်ပိုင်းက ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် အိန္ဒိယနိုင်ငံသို့ ထွက်ခွာသွားကြရာ အသင်း အတွင်းရေးမှူး ဦးဇော်မိုးခိုင်၊ တွဲဖက်အတွင်းရေးမှူး ဒေါက်တာသင်းနွယ်ဝင်း၊ ဗဟိုအလုပ်အမှုဆောင် ဒေါက်တာစောမြအောင်၊ ဒေါက်တာမျိုးသန့်၊ ဒေါက်တာအေးကျော်၊ အလုပ်အမှုဆောင် ဦးကျော်သိန်းဇံ၊ ဦးပြည့်စုံအောင်နှင့် ဦးဝင်းလင်းထွန်းတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သိရှိရသည်။**(အပေါ်ပုံ)**

(ဆေးနှင့်ဆေးပစ္စည်းအသင်း)

ကလေးဝမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကလေး-ကလေးဝ လမ်း မြို့အဝင်ဆိုင်းဘုတ်ပြုလုပ်ခြင်းနှင့် မြေယာရှုခင်းပြုပြင်နေမှုကို ဇန်နဝါရီ ၈ရက်က အမှုဆောင်အရာရှိ ဦးဇော်ခင် ကြီးကြပ် ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ငါးသယံဇာတထိန်းသိမ်းရေး ဘိုကလေး၌ ဟောပြော

ဘိုကလေး ဇန်နဝါရီ ၁၉

ဧရာဝတီတိုင်းဒေသကြီးအတွင်း ငါးသယံဇာတထိန်းသိမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဟောပြောဆွေးနွေးပွဲကို ဘိုကလေးမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနရုံး၌ ဒီဇင်ဘာ ၂ရက်က ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးကျော်မင်း တက်ရောက်ပြီး ငါးသယံဇာတထိန်းသိမ်း ရေးလုပ်ငန်းများ အကြောင်းကို ရှင်းလင်းဟောပြောသည်။ **(အောက်ပုံ)**

တက်ရောက်

ဟောပြောဆွေးနွေးပွဲသို့ အင်းသားကြီးများ၊ ဒေသခံရေလုပ်သားများ၊ ကဏန်းလုပ်ငန်းရှင်များ၊ မျှောပိုက်ရေလုပ်သားများနှင့် မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ဝန်ထမ်းများ တက်ရောက်ခဲ့ကြကြောင်းသိရှိရသည်။ **(၁၃၈)**

စာရင်းကိုင်သင်တန်း ဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၁၉

LCCI Level II, III အောင်မြင်ပြီးသူများ၊ B.Com ဘွဲ့ရများ၊ ACCA အောင်မြင်ပြီးသူများ စသည့် စာရင်းကိုင်သင်တန်းများ တက်ပြီးသော်လည်း လုပ်ငန်းအတွေ့အကြုံမရှိ၍ လုပ်ငန်းခွင်ဝင်ရန် မိမိကိုယ်မိမိ ယုံကြည်မှုမရှိဖြစ်နေသူများအတွက် ကျွမ်းကျင်သည့် စာရင်းကိုင်တစ်ဦးအဖြစ် ယုံကြည်စိတ်ချစွာ လုပ်ငန်းခွင်ဝင်နိုင်ရန် Job Training for Accountant သင်တန်းကို Cyber Sky Computer Training Centre က ဖွင့်လှစ်သင်ကြား လျက်ရှိကြောင်း သိရသည်။

ဤသင်တန်းကို လုပ်ငန်းခွင်တွင် လုပ်သက်ကြာလာသော်လည်း မိမိတာဝန်ယူရသည့် အပိုင်းတစ်ခုကိုသာ ကျွမ်းကျင်ပြီး လုပ်ငန်းတစ်ခုလုံးအတွက် Final Account အထိ ရေးဆွဲဖူးခြင်း မရှိသေးသောစာရင်းကိုင်များလည်း တက်ရောက်သင့်ကြောင်း သိရသည်။

သင်တန်းတွင် Trading နှင့် Manufacturing (Costing တန်ဖိုးတွက်ချက်မှုအပါအဝင်) နှစ်ပိုင်းခွဲထားပြီး အဆိုပါ နှစ်ပိုင်းစလုံးအား Manual ဖြင့် ရေးဆွဲခြင်း၊ Excel သုံး၍ရေးဆွဲခြင်း၊ MYOB Software သုံး၍ ရေးဆွဲခြင်းဟူ၍ Topic သုံးခုခွဲထားရာ မိမိလိုအပ်သော Topic ကိုရွေး၍ တက်ရောက်သင်ကြားနိုင်မည်ဖြစ်သည်။ Topic သုံးခုစလုံးတွင် Statement ဆွဲခြင်း၊ Ledger တည်ဆောက်ခြင်း၊ စာရင်းကိုင် အစီရင်ခံစာ (Report) ရေးပြီး စာအုပ်တစ်အုပ်ကဲ့သို့ ဖန်တီးတင်ပြခြင်းတို့ ပါဝင်မည်ဖြစ်သည်။ သင်တန်းကို လက်ရှိလုပ်ငန်းခွင်တွင် တာဝန်ယူနေဆဲ Chief Accountant များက တာဝန်ယူသင်ကြားပေးမည်ဖြစ်သည်။

စုံစမ်းမေးမြန်းနိုင်

သင်တန်းနှင့်ပတ်သက်၍ အသေးစိတ်ထပ်မံသိရှိလိုပါက Cyber Sky Computer Training Centre အမှတ် ၈၉ (လေးလွှာ) အနော်ရထာလမ်း (ဆိပ်ကမ်းသာလမ်းထောင့်) ရန်ကုန်မြို့ ဖုန်း-၀၁-၃၈၈၈၀၈ နှင့် ၀၉-၅၀၇၂၃၆၆ တို့သို့ ဆက်သွယ် စုံစမ်းမေးမြန်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

အီရတ် - အာဖဂန် သတင်းများ အီရတ် - အာဖဂန် သတင်းများ အီရတ် - အာဖဂန် သတင်းများ

အီရတ်နိုင်ငံတစ်ဝန်း ဗုံးခွဲတိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွား တီကရစ်မြို့တိုက်ခိုက်မှု လူ ၆၀ ကျော်သေဆုံး၊ ၁၂၀ကျော်ဒဏ်ရာရ

ရာမာဒီ ဇန်နဝါရီ ၁၉

အီရတ်နိုင်ငံတစ်ဝန်းတွင် ဗုံးခွဲတိုက်ခိုက်မှုများ ဆက်တိုက်ဖြစ်ပေါ်လျက်ရှိရာ အီရတ်နိုင်ငံရှိ ဆက်ဒမ်ဟူစိန်၏ မွေးရပ်မြေ တီကရစ်မြို့တွင် ဇန်နဝါရီ ၁၈ ရက်က ဗုံးခွဲတိုက်ခိုက်မှုကြောင့် လူ ၆၀ ကျော်သေဆုံးပြီး ၁၂၀ ကျော် ဒဏ်ရာရရှိခဲ့ကြောင်း အီရတ်အရာရှိများက ပြောကြားသည်။

ယင်းဗုံးခွဲတိုက်ခိုက်မှုမှာ တီကရစ်မြို့လယ်ရှိ ရဲတပ်ဖွဲ့ဝင်သစ်စုဆောင်းရေး အဆောက်အအုံအပြင်ဘက်၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်ဟု ၎င်းတို့က ပြောကြားသည်။ **(ယာပုံ)** ထို့အတူ အီရတ်နိုင်ငံမြောက်ပိုင်းတွင် ဇန်နဝါရီ ၁၈ ရက်က အီရတ်လက်နက်ကိုင် တိုက်ခိုက်ရေးသမားများ၏ ပစ်ခတ်တိုက်ခိုက်မှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့သည်။

တစ်ဖန် အီရတ်နိုင်ငံ အန်ဘာပြည်နယ်၌ ဇန်နဝါရီ ၁၈ ရက်က ဗုံးခွဲတိုက်ခိုက်မှုကြောင့် ရဲတပ်ဖွဲ့ဝင်လေးဦးသေဆုံးပြီး အရပ်သားအခြားလေးဦးဒဏ်ရာရရှိခဲ့သည်။ ယင်းဗုံးခွဲတိုက်ခိုက်မှုမှာ မော်တော်ယာဉ်ပေါ်၌ ဗုံးများတင်ဆောင်၍ ရဲတပ်ဖွဲ့ယာဉ်တန်းဆီသို့ မောင်းဝင် ဗုံးခွဲတိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်မှုကြောင့်
အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ဘဂ္ဂဒက် ဇန်နဝါရီ ၁၉

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည်မှာ အချိန်ကာလ ကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ၏ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့မှုကြောင့် အီရတ်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရလျက်ရှိသည်။

အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည့်အချိန်မှစတင်ပြီး ဇန်နဝါရီ ၁၉ ရက်အထိ သေဆုံးခဲ့သည့် အီရတ်ပြည်သူဦးရေမှာ **၇၀၄၇၁၇** ဦးရှိပြီး အပြင်းအထန် ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာ **၁၂၇၅၇၀၃** ဦးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁။	သေဆုံးသူ အီရတ်ပြည်သူများ	၇၀၄၇၁၇ ဦး
၂။	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အီရတ်ပြည်သူများ	၁၂၇၅၇၀၃ ဦး

(အင်တာနက်)

အီရတ်အနောက်ပိုင်း၌ အသေခံကားဗုံးခွဲတိုက်ခိုက် ပြည်နယ်အုပ်ချုပ်ရေးမှူး လွတ်မြောက်

ရာမာဒီ ဇန်နဝါရီ ၁၉

အီရတ်နိုင်ငံအနောက်ပိုင်း အန်ဘာပြည်နယ်မြို့တော် ရာမာဒီ၌ ပြည်နယ်အုပ်ချုပ်ရေးမှူး၏ ကားတန်းကို ဇန်နဝါရီ ၁၇ ရက်က အသေခံကားဗုံးခွဲတိုက်ခိုက်ခဲ့ရာ ပြည်နယ်အုပ်ချုပ်ရေးမှူး ကက်စင်မိုဟာမက်မှာ အသက်မသေဘဲ လွတ်မြောက်သွားခဲ့ကြောင်း ပြည်နယ်ရဲတပ်ဖွဲ့ သတင်းရပ်ကွက်က ပြောကြားသည်။

တိုက်ခိုက်

ဇန်နဝါရီ ၁၇ ရက် ဒေသစံတော်ချိန် နံနက် ၇ နာရီခွဲက ပြည်နယ်အုပ်ချုပ်ရေးမှူး ကက်စင်မိုဟာမက်၏ ယာဉ်တန်းအတွင်းသို့ အသေခံဗုံးခွဲသမားက ၎င်း၏ကားကို မောင်းသွင်းကာ ဗုံးခွဲတိုက်ခိုက်ခဲ့ခြင်း ဖြစ်သည်။

ဒဏ်ရာရ

ရာမာဒီမြို့လယ်၌ ပြည်နယ်အုပ်ချုပ်ရေးမှူးက ရုံးတက်ရန်အသွား ကားဗုံးခွဲတိုက်ခိုက်ခံလိုက်ရခြင်းဖြစ်ရာ လိုက်ပါလာသူ သက်တော်စောင့်သုံးဦး ဒဏ်ရာရသွားသည်။ ထို့အပြင် ဘေးမှရပ်ကြည့်သူ သုံးဦးလည်း ဒဏ်ရာရသွားကြောင်း သိရသည်။ **(အင်တာနက်)**

အာဖဂန်နစ္စတန် ဟယ်လ်မန့်ပြည်နယ် စစ်ဆင်ရေး လက်နက်ကိုင် ၂၇ ဦးသေဆုံး၊ ၁၃ ဦးဒဏ်ရာရ

လက်ရှကာဂါး ဇန်နဝါရီ ၁၉

အာဖဂန်နစ္စတန်တပ်ဖွဲ့ဝင်များက တာလီဘန်များကြီးစိုးရာ ဟယ်လ်မန့်ပြည်နယ်အတွင်း ဇန်နဝါရီ ၁၇ရက်ညက စစ်ဆင်ရေးဆင်နွှဲခဲ့ရာ၌ လက်နက်ကိုင် ၂၇ ဦး သေဆုံးပြီး ၁၃ ဦး ဒဏ်ရာရသွားကြောင်း ဇန်နဝါရီ ၁၈ ရက်ထုတ် စစ်ဘက်ကြေညာချက်တွင် ဖော်ပြပါရှိသည်။

ဟယ်လ်မန့်ပြည်နယ် ဆန်ဂင်၊ မူဆာကာလာနှင့် ဂီရက်ရှ်ခရိုင်များအတွင်း စစ်ဆင်ရေးတွင် တာလီဘန် တပ်မှူးနှစ်ဦးအပါအဝင် လက်နက်ကိုင် ၂၇ ဦး သေဆုံးပြီး ၁၃ ဦး ဒဏ်ရာရရှိသွားသည်။ စစ်ဘက်ကြေညာချက်အရ ဂီရက်ရှ်ခရိုင်တွင် စစ်သွေးကြွ ၁၃ ဦး၊ ဆန်ဂင် ခရိုင်တွင် လက်နက်ကိုင်၁၂ဦးနှင့် မူဆာကာလာခရိုင်တွင် လက်နက်ကိုင်နှစ်ဦး အသတ်ခံလိုက်ရကြောင်း သိရသည်။ ဒဏ်ရာရသူ လက်နက်ကိုင် ၁၃ ဦးအနက် ၁၀ဦးမှာ ဂီရက်ရှ်ခရိုင်အတွင်း ဒဏ်ရာရပြီး ကျန်သုံးဦးမှာ ဆန်ဂင်ခရိုင်အတွင်းစစ်ဆင်ရေးတွင် ဒဏ်ရာရရှိသွားခြင်းဖြစ်သည်။ **(အင်တာနက်)**

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်မှုကြောင့်
အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ကဘူးလ် ဇန်နဝါရီ ၁၉

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည်မှာ အချိန်ကာလ ကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ၏ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့မှုကြောင့် အာဖဂန်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရလျက်ရှိသည်။

အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့သည့်အချိန်မှစတင်ပြီး ဇန်နဝါရီ ၁၉ ရက်အထိ သေဆုံးခဲ့သည့် အာဖဂန်ပြည်သူဦးရေမှာ **၃၃၅၇၈**ဦးရှိပြီး အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာ **၄၀၈၀၄** ဦးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁။	သေဆုံးသူ အာဖဂန်ပြည်သူများ	၃၃၅၇၈ ဦး
၂။	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူအာဖဂန်ပြည်သူများ	၄၀၈၀၄ ဦး

(အင်တာနက်)

အီရတ်နိုင်ငံအတွင်း စစ်ဆင်ရေးများဆင်နွှဲ ယနေ့အထိကန်တပ်ဖွဲ့ဝင် ၄၄၃၆ ဦးသေဆုံးခဲ့ပြီ

ဘဂ္ဂဒက် ဇန်နဝါရီ ၁၉

အီရတ်နိုင်ငံ၌ အီရတ်တပ်ဖွဲ့ဝင်များ၏ လက်ချက်ဖြင့် အမေရိကန်တပ်ဖွဲ့ဝင်သုံးဦး ဒဏ်ရာရရှိပြီး မကြာမီမှာပင် နိုင်ငံတစ်ဝန်းဖြစ်စဉ်များ၌ အမေရိကန်တပ်ဖွဲ့ဝင်သုံးဦးသေဆုံးပြီး တစ်ဦးဒဏ်ရာရရှိသွားသည်ဆိုသည့် သတင်းရရှိသည်။

အီရတ်နိုင်ငံမြောက်ပိုင်း စစ်ဆင်ရေးများဆင်နွှဲစဉ် ဒီဇင်ဘာ ၁၆ ရက်က အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦးသေဆုံးပြီး တစ်ဦးဒဏ်ရာရသွားကြောင်း အမေရိကန်စစ်ဘက်ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

အီရတ်နိုင်ငံမြောက်ပိုင်း ဇန်နဝါရီ ၁၇ရက်က စစ်ဆင်ရေးတွင် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးကြောင်း အမေရိကန်စစ်ဘက် ကြေညာချက်တွင် ဖော်ပြထားသည်။

၂၀၀၃ ခုနှစ်ကစတင်ပြီး အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းအပါတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက်ခဲ့ချိန်မှ ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၁၉ရက်အထိ အမေရိကန်တပ်ဖွဲ့ဝင် ၄၄၃၆ ဦး သေဆုံးခဲ့ရပြီဖြစ်သည်။ **(အင်တာနက်)**

မင်္ဂလာပွဲတက်ရန်သွားသည့် မော်တော်ယာဉ် ဗုံးထိမှန်၊ ကိုးဦးသေဆုံး

ကဘူးလ် ဇန်နဝါရီ ၁၉

အာဖဂန်နစ္စတန်နိုင်ငံမြောက်ပိုင်း ဘာဂလန်ပြည်နယ်တွင် လမ်းဘေးဗုံးခွဲတိုက်ခိုက်မှုကြောင့် အနည်းဆုံး ပြည်သူကိုးဦးသေဆုံးကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

သေဆုံးသူအားလုံးမှာ မင်္ဂလာအခမ်းအနားသို့ တက်ရောက်ရန် သွားကြသူများဖြစ်ပြီး ၎င်းတို့ စီးနင်းလိုက်ပါလာသည့် မော်တော်ယာဉ်မှာလည်း ပျက်စီးသွားကြောင်း ရဲတပ်ဖွဲ့က ကြေညာသည်။

အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်းတွင် ဇန်နဝါရီ ၁၅ရက်က လမ်းဘေးဗုံးခွဲ တိုက်ခိုက်မှုကြောင့် အရပ်သားခြောက်ဦး သေဆုံးသွားကြောင်း အရာရှိများက ပြောကြားစဉ်တွင် အထက်ပါသတင်းကို ကြားသိရခြင်းဖြစ်သည်။

ဘာဂလန်ပြည်နယ် မြို့တော်ပူအီခွမ်ရီမှ မင်္ဂလာပွဲရှိရာ ကျေးရွာသို့ အသွားလမ်းတွင် မော်တော်ယာဉ်လမ်းဘေးဗုံး ထိမှန်သွားခြင်း**(အောက်ပုံ)** ဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ **(အင်တာနက်)**

ရုပ်ရှင်အကယ်ဒမီဆု ဒီနှစ် ဘယ်သူတွေရနိုင်မလဲ

သရုပ်ဆောင် အောင်ခိုင် ၊ ဒါရိုက်တာ ကြည်ဖြူသျှင်တို့နှင့် လျှပ်တစ်ပြက်အင်တာဗျူး

➤ တွေ့ဆုံမေးမြန်းသူ - မြင့်မောင်စိုး ➤ ဓာတ်ပုံမှတ်တမ်း - သတင်းထောက်ထွန်းဇော်(စမ်းချောင်း)



(ယမန်နေ့မှအဆက်)

ရန်ကုန် ဇန်နဝါရီ ၁၉

၂၀၀၉ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု (အကယ်ဒမီဆု)ပေးပွဲ အခမ်းအနား မကြာမီ ကျင်းပတော့မှာ ဖြစ်ပါတယ်။

ဒီနှစ်အတွက် ဘယ်အနုပညာရှင်တွေ အကယ်ဒမီဆု ရရှိနိုင်မလဲလို့ ရုပ်ရှင်ချစ်ပရိသတ်တွေက မျှော်လင့်နေကြမှာပါ။ ပရိသတ်တွေ မျှော်လင့်နေကြသလို အနုပညာရှင်တွေ ကိုယ်တိုင်ကလည်း မျှော်လင့်နေကြမှာ ဖြစ်ပါတယ်။ အကယ်ဒမီဆုဆိုတာ သရုပ်ဆောင်တွေအတွက်တော့ တန်ဖိုးထားရတဲ့အရာ ဖြစ်ပါတယ်။

ဒါကြောင့်မို့ မြန်မာ့အလင်းသတင်းအဖွဲ့က မကြာမီမှာ ကျင်းပတော့မယ့် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု (အကယ်ဒမီဆု)နဲ့ ပတ်သက်ပြီး လေ့လာတင်ပြနိုင်ဖို့ **မိုးညအိပ်မက်မြူ** ဇာတ်ကားကြီးကို ရိုက်ကူးခဲ့တဲ့ အမျိုးသမီးလူငယ် ဒါရိုက်တာ တစ်ဦးဖြစ်တဲ့ ဒါရိုက်တာ ကြည်ဖြူသျှင်နဲ့ ကန်တော်ကြီး ကရဝိက်ရုပ်ရှင်ရိုက်ကွင်းကို သွားပြီးတွေ့ဆုံ မေးမြန်းခဲ့ပါတယ်။

"မိုးညအိပ်မက်မြူ ဇာတ်ကားက ဇာတ်သဘင်လောကကို မီးမောင်းထိုးပြတာဖြစ်ပါတယ်။"
ဒါရိုက်တာ - ကြည်ဖြူသျှင်

<u>ဒါရိုက်တာ - ကြည်ဖြူသျှင်</u>

မေး - **ညီမလေး ၂၀၀၉ ခုနှစ်အတွင်း ရိုက်ကူးခဲ့တဲ့ ဒရာမာကားကြီးအမည်ကို ပြောပြပေးပါဦး။**

ဖြေ - **မိုးညအိပ်မက်မြူ** ဇာတ်ကားဖြစ်ပါတယ်။ဒီဇာတ်ကားမှာ အဓိကသရုပ်ဆောင်တွေအဖြစ် ကိုနေတိုး၊ မိုးဟေကို၊ စိုးပြည့်သဇင်နဲ့ ဦးထွန်းထွန်းဝင်းတို့ ပါဝင်သရုပ်ဆောင်ထားကြပါတယ်။

မေး - **ဒီဇာတ်ကားကြီးရဲ့ ရည်ရွယ်ချက်ကိုလည်း ပြောပြ ပေးပါဦး။**

ဖြေ - **မိုးညအိပ်မက်မြူ** ဇာတ်ကားရဲ့ အဓိက ရည်ရွယ်ချက်ကတော့ ဇာတ်သဘင်လောကကို မီးမောင်းထိုးပြတာ ဖြစ်ပါတယ်။ ဒီဇာတ်ကားက ရသစုံပေးစွမ်းနိုင်တဲ့ ကားကြီးဖြစ်သလို ဂန္ထဝင်မြောက်ဝတ္ထုကို ရိုက်ကူးထားတာလည်း ဖြစ်ပါတယ်။

မေး - **ဒီဇာတ်ကားမှာ အကယ်ဒမီဆု ဘယ်သူတွေရနိုင်မလဲလို့ ခန့်မှန်းချက်လေး ပြောပြပေးပါဦး။**

ဖြေ - ဒီဇာတ်ကားမှာ အဓိကသရုပ်ဆောင်ဖြစ်တဲ့ ကိုနေတိုးကိုတော့ အကယ်ဒမီဆုရဖို့ မျှော်လင့်ပါတယ်။ ကိုနေတိုးက ဒီဇာတ်ကားမှာ သုံးကိုယ်ခွဲ သရုပ်ဆောင်ထားတာ ဖြစ်ပါတယ်။ ပြီးတော့ ဒီကားမှာ သင်ဇာဝင့်ကျော်နဲ့ စိုးပြည့်သဇင်တို့ကိုလည်း မှန်းထားပါတယ်။ နောက်ခံတေးဂီတနဲ့ ဓာတ်ပုံဆုတို့ကိုလည်း ရစေချင်ပါတယ်။

မေး - **ညီမလေး ရိုက်ကူးခဲ့တဲ့ ရုပ်ရှင်ဇာတ်ကားကြီးဘယ်နှကားရှိပြီလဲ ပြောပြပေးပါဦး။**

ဖြေ - ခုနစ်ကားရှိပါပြီ။ ပထမဆုံးစရိုက်တဲ့ ကားရဲ့ အမည်က **နှလုံးသား လှိုဏ်ခန်း** ပါ။ ဒီနောက်မှာတော့ **နှုတ်ခမ်းထက်က ဓားသွား** ဇာတ်ကားရိုက်ပါတယ်။ဒီကားမှာ မျိုးသန္တာထွန်း အမျိုးသမီးသရုပ်ဆောင် အကယ်ဒမီဆုရပါတယ်။တတိယမြောက်ကားကတော့ **ပန်းတစ်ပွင့် ဖန်ဆင်းခြင်း** လို့ အမည်ရတဲ့ ကားဖြစ်ပါတယ်။ ဒီကားမှာ ကိုလွင်မိုး အကယ်ဒမီရပါတယ်။ မေမေ ဒေါ်ခင်လေးသိမ့်က ဇာတ်ညွှန်းအကယ်ဒမီရပါတယ်။စတုတ္ထမြောက်ရိုက်တဲ့ကားကတော့ **သင်ချစ်လျှင် ကျွန်ုပ်မမုန်းပါ** ဇာတ်ကားနဲ့ **ညို့သော ပင်လယ်ဆွဲငင်သောလမင်း** အမည်ရတဲ့ကားရိုက်ပါတယ်။ ဆဌမမြောက်ကား ကတော့ **ချစ်သော အရိမဒ္ဒနပူရ၏ မဟာအောင်ပွဲ** ဖြစ်ပါတယ်။ နောက်ဆုံး ရိုက်ကူးတဲ့ကားကတော့ **မိုးညအိပ်မက်မြူ** ဇာတ်ကား ဖြစ်ပါတယ်။

မေး - **ဒါရိုက်တာ တစ်ဦးရဲ့ ခံယူချက်နဲ့ပတ်သက်ပြီး ပြောပြပေးပါဦး။**

ဖြေ - မိမိတတ်ကျွမ်းတဲ့ အနုပညာနဲ့မြန်မာ့အနုပညာကို ကမ္ဘာက သိစေချင်ပါတယ်။ နောက်ထပ်လည်း ဆက်လက် ကြိုးစားနေပါတယ်။

"ဒီနှစ်အကယ်ဒမီက တစ်ပြေးနေတယ်လို့ ပြောလို့မရတဲ့ အနေအထားပါ"
အကယ်ဒမီ အောင်ခိုင်။

ယခု လောလောဆယ် ဂျပန်က ကင်မရာမင်းတစ်ဦးက သူနဲ့ ပူးပေါင်းပြီး မြန်မာဗီဒီယိုကားရိုက်ဖို့ ကမ်းလှမ်းထားပါတယ်။ သူကတော့ ဟောလိဝုဒ်မှာ ကင်မရာနဲ့ ကျောင်းပြီးထားသူ ဖြစ်ပါတယ်။

မေး - **ဗီဒီယိုကား ဘယ်နှကား ရိုက်ပြီးပါပြီလဲ။**

ဖြေ - ကားပေါင်း ၅၀ ကျော်ရှိပါပြီ၊ လောလောဆယ် ရိုက်နေတဲ့ ကားက **အဆိပ်သင့်အချစ်** လို့ အမည်ရတဲ့ ဇာတ်ကား ဖြစ်ပါတယ်။ အဓိက သရုပ်ဆောင်တွေအဖြစ် ရန်အောင်၊ အောင်ရဲလင်းနဲ့ ချစ်သုဝေတို့ ပါဝင်သရုပ်ဆောင်ထားပါတယ်လို့ မြန်မာ့အလင်းသို့ ရှင်းပြခဲ့ပါတယ်။

မိုးညအိပ်မက်မြူ ဇာတ်ကားမှ နေတိုးနှင့် မိုးဟေကိုတို့၏ သရုပ်ဆောင်ဟန်။

အကယ်ဒမီ အောင်ခိုင်နှင့် တွေ့ဆုံမေးမြန်းရာတွင် -

<u>**အကယ်ဒမီ အောင်ခိုင်**</u>

မေး - **၂၀၀၉ ခုနှစ်အတွက် ဘယ်အနုပညာရှင်တွေ အကယ်ဒမီဆုရမယ်လို့ ကြားပါသလဲ ခင်ဗျာ။ ကြားသိရသမျှလေး ပြောပြပေးပါဦး။**

ဖြေ - ဒီနှစ်အကယ်ဒမီက တစ်ပြေးနေတယ်လို့ ပြောလို့မရတဲ့ အနေအထားမှာ ရှိနေပါတယ်။ ပြသပြီးတဲ့ ဇာတ်ကား ၁၆ ကားမှာ ဟာသကားတွေ အများကြီး ပါဝင်နေတာတွေ့ရပါတယ်။

မေး - **ဘယ်ကားတွေ အကယ်ဒမီ မှန်းနိုင်မယ်လို့ထင်ပါသလဲ ခင်ဗျာ။**

ဖြေ - ဒီပြသပြီးတဲ့ကား ၁၆ကားထဲမှာတော့ ဒရာမာကားသုံးကားလောက် ပါဝင်တာ တွေ့ရတယ်။ ဒါရိုက်တာ ကြည်ဖြူသျှင် ရိုက်ကူးတဲ့ **မိုးညအိပ်မက်မြူ**၊ ဒါရိုက်တာ ဝိုင်းရိုက်တဲ့ **ကျောက်စက်ရေ**နဲ့ ဒါရိုက်တာ စင်ရော်မောင်မောင် ရိုက်ကူးတဲ့ **ကြိုးကြာတောင်ပံခတ်သံ** ကားတွေ ဖြစ်ပါတယ်။ ဒီကားတွေကတော့ အကယ်ဒမီ မှန်းနိုင်တဲ့ ကားတွေလို့ထင်ပါတယ်။

မေး - **ကျန်တဲ့ ဟာသကားတွေရော အကယ်ဒမီ မရနိုင်ဘူးလား။**

ဖြေ - ပြောလို့မရပါဘူး။ တစ်ခါတစ်ခါ အကယ်ဒမီက မှန်းရတာ ခက်ပါတယ်။ ဒါကြောင့်လည်း အကယ်ဒမီက နတ်ကြီးတယ်လို့ ပြောကြတာပါ။ ပြီးခဲ့တဲ့ နှစ်က ရဲအောင်အကယ်ဒမီရသွားတာဟာသကားနဲ့ပါ။ ဒါကို ကြည့်ခြင်းအားဖြင့် အကယ်ဒမီဘယ်သူရနိုင်မလဲဆိုတဲ့ မေးခွန်းဟာ တော်တော်စဉ်းစားရတာ ခက်ပါတယ်။ ဒါကြောင့် အကယ်ဒမီမှာ ဘယ်သူတစ်ပြေးနေတယ်လို့ ပြောလို့မရတော့ပါဘူးလို့ ပြောကြားခဲ့ပါတယ်။

(ဆက်လက်ဖော်ပြပါမည်)

လမ်းသစ်များဖွင့်

မုဒုံမြို့နယ် ကော့ခပိုကျေးရွာ ကိုယ့်အားကိုယ်ကိုး ကျေးလက် ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၄ ရက်က ကျင်းပရာ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးဇော်လင်းထွန်း၊ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးအေးဆွေနှင့် လမ်းဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးဟန်တို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ပွင့်ဖြူမြို့နယ် ပိတောက်လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၂ ရက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးလှငွေးနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခိုင်လွင်သန့်တို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

နမ့်ခမ်းမြို့နယ် စာရေးတန်းရပ်ကွက်ရှိ ဒေါနလမ်းကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၂ ရက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးကောင်းညွှန့်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစောမြင့်ထွန်းနှင့် ရပ်မိရပ်ဖ ဦးစံညွှန့်တို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ရွှေကူမြို့နယ် အမှတ်(၃)ရပ်ကွက် စံပြကတ္တရာလမ်း အပိုင်း(၂) လမ်းသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၃ ရက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးညီညီနှင့် စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးခင်အောင်နီတို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

ကွတ်ခိုင်မြို့ ရပ်ကွက် (၂)ခွာညိုလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဒီဇင်ဘာ ၂၅ ရက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမြတ်သိန်းထွန်းနှင့် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးနန်းဇိန်းလှအောင်တို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ကျန်းမာရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ တိုင်းမှူး ဗိုလ်မှူးချုပ်စိုးထွန်း တက်ရောက်

နေပြည်တော် ဇန်နဝါရီ ၁၉

ကျန်းမာရေးကဏ္ဍ ဘဏ္ဍာငွေရှာဖွေဖြည့်တင်းရေး နည်းလမ်းများဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၂ ရက် နံနက်ပိုင်းက တောင်ငူမြို့ ခပေါင်းခန်းမ၌ ကျင်းပရာ ပဲခူးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးထွန်း တက်ရောက်၍ အမှာစကား ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် တာဝန်ရှိသူတစ်ဦးက ဘဏ္ဍာငွေရှာဖွေဖြည့်တင်းရေးနည်းလမ်းများဆိုင်ရာ လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းမှူးက နိဂုံးချုပ်အမှာစကားပြောကြားကာ ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရွှေပြည်သာ၌ ကျောင်းဆောင်သစ်ဖွင့်

ရန်ကုန် ဇန်နဝါရီ ၁၉

အမှတ်(၃) အခြေခံပညာဦးစီးဌာန ရွှေပြည်သာမြို့နယ် အမှတ်(၁၆) အခြေခံပညာမူလတန်းတွင် ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၅ ရက်က အဆိုပါကျောင်းဆောင်သစ်ရှေ့၌ ကျင်းပသည်။ အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညီညီအောင်၊ အမှတ်(၃) အခြေခံပညာဦးစီးဌာနမှ ဦးစီးအရာရှိ ဦးညွန့်ရွှေနှင့် မြို့နယ်ပညာရေးမှူး ဦးလှရီတို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြပြီးနောက် **(အပေါ်ပုံ)** ကျောင်းအုပ်ဆရာကြီး ဦးကံညွန့်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ဆုချီးမြှင့်

သာကေတ အမက(၄၂) မိဘ ဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန် ဆုပေးပွဲကို ဒီဇင်ဘာ ၁၉ ရက်က ကျောင်းခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်မိက ငါးနှစ်ဆက်တိုက် ပထမဆုရရှိသူ မညီလွင်ထွန်းအား ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (ပညာရေး)

စာပေပညာရှင်များအား ဂုဏ်ပြုပွဲကျင်းပ

လင်းခေး ဇန်နဝါရီ ၁၉

လင်းခေးခရိုင် လင်းခေးမဂ္ဂဇင်း ဖြစ်မြောက်ရေးကော်မတီက ကြီးမှူး၍ မဂ္ဂဇင်းတွင် ပါဝင်ရေးသားခဲ့ကြသော စာပေ ပညာရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ပွဲကို ဇန်နဝါရီ ၁၄ ရက် နံနက် ၈ နာရီခွဲက လင်းခေးမြို့ နွယ်ဝတီခန်းမ၌ကျင်းပရာ အခမ်းအနားတွင် မဂ္ဂဇင်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ဆွေက အမှာစကား ပြောကြားပြီး စာရေးဆရာမ သျှီ(အင်ကြင်း)က မဂ္ဂဇင်းနှင့် စပ်လျဉ်းသည်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီး ခွန်သန့်ဇော်ထူးနှင့် တာဝန်ရှိသူများက မဂ္ဂဇင်းတွင် ပါဝင်ရေးသားခဲ့ကြသော စာပေပညာရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်ခဲ့ကြကြောင်း သိရှိရသည်။
(အောက်ဝဲပုံ) (ခရိုင် ပြန်/ဆက်)

မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်အသင်းညီလာခံကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၉

မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်အသင်း၏ (၃၁)ကြိမ်မြောက် နှစ်ပတ်လည်ညီလာခံနှင့် (၁၂)ကြိမ်မြောက် FDI-MDA Joint Educational Meeting တို့ကို ဇန်နဝါရီ ၂၆ ရက်မှ ၂၉ ရက်အထိ ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ Traders Hotel ၌ ကျင်းပမည်ဖြစ်ရာ ညီလာခံသို့ တက်ရောက်မည့် အသင်းဝင်များသည် ဇန်နဝါရီ ၂၄ ရက်နှင့် ၂၅ ရက်များတွင် Traders Hotel ၌ မှတ်ပုံတင်စာရင်းပေးသွင်းရမည်ဖြစ်ပြီး အဆိုပါညီလာခံတွင် သုတေသနစာတမ်းဖတ်ပွဲများ၊ အားကစားပြိုင်ပွဲများနှင့် သက်ကြီးဆရာဝန်ကြီးများအား ဂါရဝပြုကန်တော့ကြမည်ဖြစ်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

မီး အစဉ်သတိပြု

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ၁၀၁ လမ်း အမှတ် ၁၀၂ အခန်း(၈)နေ ဦးအောင်ဇင်-ဒေါ်ဝင်းကြည် မိသားစုက ဦးအောင်ဇင် မွေးနေ့အလှူအဖြစ် တွံတေးမြို့ မိဘဂုဏ်ဘိုးဘွားရိပ်သာ အာဟာရပဒေသာပင်အဖြစ် အလှူငွေကျပ် နှစ်သိန်းလှူဒါန်းရာ ဘိုးဘွားရိပ်သာ ဥက္ကဋ္ဌ ဦးထွန်းကြိုင် လက်ခံယူစဉ်။ (၁၀၅)

မြန်မာနိုင်ငံ ကုန်သွယ်/စက်မှုအသင်းချုပ်နှင့် မလေးရှားကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံ

ရန်ကုန် ဇန်နဝါရီ ၁၉

ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးဝင်းအောင်၊ ဦးဇော်မင်းဝင်း၊ တွဲဖက်အထွေထွေ အတွင်းရေးမှူး ဒေါက်တာပွင့်ဆန်းနှင့် အလုပ်အမှုဆောင် ဦးအေးလွင်တို့အား မလေးရှားနိုင်ငံ Malaysis Cocoa Board မှ Director General, Dato Dr. Azhar Ismail ဦးဆောင်၍ အဖွဲ့ဝင်လေးဦးပါဝင်သော ကိုယ်စားလှယ်အဖွဲ့သည် ဇန်နဝါရီ ၇ ရက် မွန်းလွဲပိုင်းက အသင်းချုပ်ရုံးသို့ လာရောက်တွေ့ဆုံခဲ့ကြသည်။

ရင်းနှီးစွာဆွေးနွေး

တွေ့ဆုံပွဲတွင် နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ခြင်းကိစ္စ၊ ကိုကိုးစိုက်ပျိုးရေးလုပ်ငန်းနှင့် ချောကလက် ထုတ်လုပ်ရေးလုပ်ငန်းများကို အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများကိစ္စ၊ ထုတ်လုပ်မှုလုပ်ငန်းများနှင့်စပ်လျဉ်း၍ နည်းပညာများ ဖလှယ်ရေးကိစ္စနှင့် ဈေးကွက်အခြေအနေတို့ကို ရင်းနှီးစွာ ဆွေးနွေးခဲ့ကြသည်။ **(အောက်ပုံ)**
(ကုန်သည်/စက်မှုအသင်းချုပ်)

အဖျက်မီးရန်နှ စဉ်တွန်းလှန် မြန်ပြည်အေးချမ်းမည်

ညောင်ဝိုင်းလမ်း ကတ္တရာခင်း

ရွှေတောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော ညောင်ဝိုင်းလမ်း ကတ္တရာခင်းခြင်းကို ဒီဇင်ဘာ ၁၆ ရက်က အမှုဆောင်အရာရှိ ဦးဟန်ရှိန်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးတင်စိုးနိုင်တို့ ကွင်းဆင်းကြီးကြပ်စဉ်။ (မြို့နယ်စည်ပင်)

ရေလမ်းကြောင်း သတိပေးချက်ထုတ်ပြန်

ရန်ကုန် ဇန်နဝါရီ ၁၉

ဧရာဝတီမြစ်ကူး ဧရာဝတီတံတား(မကွေး) ရေလမ်းကြောင်းတွင် ရေယာဉ်များ ဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို အစုန်လမ်းအဖြစ် ရေလယ်တိုင် အမှတ်(၃)နှင့်(၄)အကြားမှလည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၂)နှင့်(၃)အကြားမှလည်းကောင်း သတ်မှတ်ဖွင့်လှစ်ထားသည်။ ယခုအခါ ဧရာဝတီမြစ်ရေ ကျဆင်းလျက်ရှိပြီး ရေလမ်းကြောင်း အခြေအနေအရ ရေယာဉ်များ ဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို ဇန်နဝါရီ ၂၀ ရက်မှ စ၍ အစုန်လမ်းအဖြစ် ရေလယ်တိုင် အမှတ်(၂)နှင့်(၃) အကြားမှလည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၁)နှင့် (၂) အကြားမှလည်းကောင်း ပြောင်းလဲဖွင့်လှစ်မည်ဖြစ်သည်။

အဆန်လမ်းအဖြစ် ပြောင်းလဲမည့် ရေလယ်တိုင်အမှတ်(၁)နှင့်(၂) အကြားရှိ ရေလမ်းကြောင်း၏ ကင်းလွတ်အကျယ်မှာ ၂၂၇ ပေရှိပြီး ကင်းလွတ်အမြင့်မှာ အမြင့်ဆုံးရေမျက်နှာပြင် အထက် ၄၆ ပေရှိသည်။ အစုန်လမ်းအဖြစ် ပြောင်းလဲမည့် ရေလယ်တိုင်အမှတ်(၂)နှင့်(၃)အကြားရှိ ရေလမ်းကြောင်း၏ ကင်းလွတ်အကျယ်မှာ ၂၄၈ ပေရှိပြီး ကင်းလွတ်အမြင့်မှာ အမြင့်ဆုံးရေမျက်နှာပြင်အထက် ၅၂ ပေရှိသည်။ ရေယာဉ်များ ဖြတ်သန်းရမည့် ဝင်ပေါက်တွင် နေ့အခါ အစိမ်းရောင် တြိဂံအမှတ်အသားပြသ၍ ညအခါ မီးစိမ်းထွန်း ပြသထားမည်။ မဝင်ရမည့် ရေလမ်းတွင် နေ့အခါ အနီရောင်ကြက်ခြေခတ် အမှတ်အသားပြသ၍ ညအခါ မီးနီထွန်း ပြသထားမည်။

ထုတ်ပြန်ထား

တံတားရေလယ်တိုင်များ၏ အောက်ခြေပိုင်တိုင်အုတ်ခုံမှာ ရေလယ်တိုင်များ၏ တစ်ဖက်တစ်ချက်တွင် ပေ ၂၀ ခန့် အစွန်းထွက်နေသဖြင့် ရေယာဉ်များ ရေလယ်တိုင်နှစ်ခုအကြားမှ ယှဉ်ပြိုင်ခုတ်မောင်းခြင်း မပြုကြရန်နှင့် တွန်းရေယာဉ်များ တစ်တွဲချင်းသာ ချိတ်ဆွဲဖြတ်သန်းကြရန်အပြင် အစုန်ဦးစားပေး၍ ဝင်ပေါက်သို့ ချဉ်းကပ်ရာတွင် လုံလောက်သော အကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ထိန်းသိမ်းခုတ်မောင်းကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေလမ်းသတိပေးနိုးဆော်ချက် ထုတ်ပြန်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဝန်ကြီး ဦးသိန်းဇော် ရတနာပုံမြို့သစ်၌ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၁၉

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဇော်သည် ဇန်နဝါရီ ၁၇ ရက်က မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့အနီးရှိ ရတနာပုံမြို့သစ်မြောက်ပိုင်း အိမ်ရာစီမံကိန်းမြေနေရာ၌ မြေယာများ တိုးချဲ့ရှင်းလင်းထားရှိမှုနှင့် လမ်းသစ်များ ထပ်မံဖောက်လုပ်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

သင်ကြားပို့ချ

ထို့နောက် ရတနာပုံတယ်လီပို့အဆောက်အအုံရှိ BILLING CENTER စက်ခန်းသို့ရောက်ရှိပြီး စက်ပစ္စည်းများ တပ်ဆင်ထားရှိမှုနှင့် လုပ်ငန်းဆောင်ရွက်မှုကိုလည်းကောင်း၊ အဆောက်အအုံအတွင်း တပ်ဆင်ထားရှိသည့် IPTV ROOM / SOFT SWITCH ROOM နှင့် ISP DATA CENTER စက်ခန်းများကိုလည်းကောင်း၊ Yatanarpon Portal အဆောက်အအုံရှိ Portal Operation Team လုပ်ငန်းခွင်၌ လုပ်ငန်းဆောင်ရွက်မှုနှင့် သင်ကြားပို့ချမှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးသည် ရတနာပုံမြို့သစ် ဆက်သွယ်ရေးစက်မှုအဆောက်အအုံ၌ ကေဘယ်လ်များ ရောက်ရှိနေမှုနှင့် စက်ပစ္စည်းများ တပ်ဆင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စာအုပ်ပြပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၉

စင်ကာပူနိုင်ငံ POPULAR Book Co.(Pte) Ltd., Franchise လုပ်ငန်းခွဲတစ်ခုဖြစ်သော POPULAR Bookstore က ကလေး၊ လူကြီးများအတွက် ကဏ္ဍစုံမှ စာအုပ်များကို တင်သွင်းရောင်းချလျက်ရှိရာ ယခု PAGE ONE Book Fair အစီအစဉ်ကို ဇန်နဝါရီ ၂၀ ရက်မှ ၂၃ ရက်အထိ Myae Ni Ghone Center ရှိ Promotion Area ၌ ကျင်းပမည်ဖြစ်သည်။ **(အောက်ပုံ)**

PAGE ONE Book Fair အစီအစဉ်တွင် စင်ကာပူနိုင်ငံရှိ Page One Publishing Pte Ltd. က ထုတ်ဝေဖြန့်ဖြူးလျက်ရှိသော Professional စာအုပ်များကို အထူးဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးသွားမည်ဖြစ်ရာ ဗိသုကာပညာ၊ အိမ်တွင်း အလှဆင်ပညာ၊ ဓာတ်ပုံပညာ၊ Fashion ဒီဇိုင်းပညာ၊ အားကစားဆိုင်ရာ၊ ပန်းအလှဆင်ပညာ၊ ဂီတအနုပညာဆိုင်ရာ စာအုပ်များနှင့်ပန်းချီအနုပညာဆိုင်ရာ စာအုပ်များကို ၂၀ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းအထိ အထူးလျှော့ဈေးနှုန်းများဖြင့် ရောင်းချပေးသွားမည်ဖြစ်သည်။

ထို့ပြင် အထူးအစီအစဉ်အနေဖြင့် ဇန်နဝါရီ ၂၂ ရက် ညနေ ၃ နာရီတွင် ဓာတ်ပုံပညာကို စိတ်ပါဝင်စားသူများအတွက် နာမည်ကျော် Professional Photographer တစ်ဦးဖြစ်သော ဓာတ်ပုံပီတာက ဓာတ်ပုံပညာနှင့် ပတ်သက်သော အခြေခံကျသည့် သိကောင်းစရာများကို ဟောပြောမည်ဖြစ်ပြီး ၂၃ ရက် ညနေ ၃ နာရီတွင်လည်း Professional Designer ဒေါ်သီတာဝင်း (Principal of Dozo Fashion Technical School)က ဖက်ရှင်ဒီဇိုင်းနှင့်ပတ်သက်သည်များကို ဟောပြောသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ဇန်နဝါရီ ၄ ရက်က အထက(၂) စမ်းချောင်း စံပယ်ခန်းမ၌ ကျင်းပသော လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကလေးပြိုင်ပွဲနှင့် သားကောင်းမိခင်ပြိုင်ပွဲ ဆုပေးပွဲတွင် အမြွာကလေးပြိုင်ပွဲ၌ ပထမဆုရရှိသော အလုံမြို့နယ်မှ ဘောဘီပန်ပန်(၁)နှင့်ဘောဘီပန်ပန်(၂)တို့အား ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မြတ်ထွေး ဆုချီးမြှင့်စဉ်။ (မြန်မာ့အလင်း)

မော်တော်ယာဉ်များ ပြသရောင်းချမည်

ရန်ကုန် ဇန်နဝါရီ ၁၉

ဇန်နဝါရီ ၂၁ ရက်မှ ၂၄ ရက်အထိ ရန်ကုန်မြို့ ဦးဝိစာရ လမ်းရှိ တပ်မတော်ခန်းမ၌ K-Future Co.,Ltd. နှင့် Rammar Automobile Manufacturing &Trading Co.,Ltd.တို့ ပူးပေါင်းစီစဉ်မှုဖြင့် Automobile & Auto Parts Expo-2011 ပြပွဲကြီးကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။

ပြပွဲတွင် Rammar မှ ထုတ်လုပ်ထားသော နိုင်ငံတကာ အရည်အသွေးမီ Chariot Micro Bus မော်တော်ယာဉ်များကို ပြသရောင်းချသွားမည်ဖြစ်ပြီး First Automative Co.,Ltd. မှ ထုတ်လုပ်သော ISUZU Double Cab မော်တော်ယာဉ်များကိုလည်း ပြသမည်ဖြစ်သည်။

ပြပွဲတွင် Promotion ကာလသတ်မှတ်၍ အထူးဈေးလျှော့ရောင်းချပေးမည်ဖြစ်ပြီး အရစ်ကျငွေချေမှုစနစ်ဖြင့်လည်း ရောင်းချမည်ဖြစ်သည်။ Rammar မှထုတ်လုပ်သော Grade-I, Grade-II, Grade-III သုံးမျိုးစလုံးကို ရွှေရောင်၊ ငွေရောင်၊ အဖြူရောင်၊ အပြာရောင်၊ အနက်ရောင်နှင့် ၄င်းအရောင်ငါးမျိုးကို အောက်ခံ ခဲရောင်သုတ်ထားသော ဒီဇိုင်းငါးမျိုး အပါအဝင် ဒီဇိုင်း ၁၀မျိုး ပွဲထုတ်ပြသရောင်းချမည်ဖြစ်သည်။ ငွေချေ ပစ္စည်းအပ်ပုံစံဖြင့် ဝယ်ယူသူများ၏ လက်ထဲသို့ မော်တော်ယာဉ်များထုတ်ပေးနိုင်ရန် အဆင်သင့်ပြင်ဆင်ထားပြီး အချိန်စောင့်စရာမလိုအောင် စီစဉ်ထားကြောင်း သိရသည်။

Rammar က ဇန်နဝါရီ ၂၇ ရက်မှ ၃၀ ရက်အထိ မန္တလေးမြို့ မြို့တော်ခန်းမ ကုန်စည်ပြပွဲ၌ အဓိက ကူညီပံ့ပိုးသူအဖြစ် မော်တော်ယာဉ်ပြပွဲ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

မေးမြန်းဝယ်ယူနိုင်

စုံစမ်းလိုပါက အမှတ် ၅၃/၅၄ စက်ဆရာ ဦးထွန်းလမ်း ရွှေပြည်သာ စက်မှုဇုန် အပိုင်း(၄) အင်းစိန်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၆၁၈၃၇၇၊ ၆၁၈၃၈၈၊ Fax-၆၁၈၃၂၂ e-mail : rammarcar@ goldenland. com.mm Website: www. rammarautomobile. com.mmသို့ ဆက်သွယ် မေးမြန်းဝယ်ယူနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်းမ်ဂျာနယ် ထွက်ရှိ

ရန်ကုန် ဇန်နဝါရီ ၁၉

ရန်ကုန်တိုင်းမ်ဂျာနယ် အတွဲ(၇)၊ အမှတ်(၃)တွင် အအေးလွန်မှုကြောင့် ကြက်ငှက်တုပ်ကွေးရောဂါ ပိုဂရုပြုရန်လိုအပ်၊ မီတာခကို ကြိုတင်ငွေပေး ကတ်စနစ်ဖြင့် စတင်ဆောင်ရွက်ရန်စီစဉ်၊ ဆောင်းရာသီတုပ်ကွေးနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ပြဿနာ ကျန်းမာရေးပညာပေးဆောင်းပါး၊ ဘုရင့်နောင် ကုန်စည်ဈေးကွက်နှင့် မန္တလေးကုန်စည်ဈေးကွက် သတင်းများ၊ ပြောရေးဆိုခွင့်ရပ်ကွက်မှ ဘဏ်လုပ်ငန်းနှင့် အလုပ်အကိုင်အခွင့်အလမ်း စသည်တို့ ပါရှိသည်။

ဆယ်စုနှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ် စစ်ရေးအသုံးစရိတ်လျှော့ချရန် အမေရိကန်ကြေညာ၊ အရှေ့မျှော်လမ်းစဉ် ပိုမိုအားကောင်းစေရန် အိန္ဒိယ တိုးမြှင့်လုပ်ဆောင်မည်၊ ကြီးမားဆန်းကြယ်သော အစိမ်းရောင်ဓာတ်ငွေ့အစက်ကြီး အာကာသအပြင်ဘက်တွင် ပထမဆုံးတွေ့ရှိ၊ ကမ္ဘာတစ်ဝန်းရှိ စားသောက်ကုန်ဈေးနှုန်းများနှင့် ငွေကြေးများတည်ငြိမ်ရေး၊ ပြင်သစ်သမ္မတက ဂျီ-၂၀အုပ်စု၏ ဥက္ကဋ္ဌအနေဖြင့် အိုဘားမားထံ ထောက်ခံမှုတောင်းခံ၊ စီးပွားရေးလုပ်ငန်းများ အလေးထားဆောင်ရွက်ရန် ထိပ်တန်းလက်ထောက်များ အိုဘားမားခန့်အပ် စသည့် နိုင်ငံတကာရေးရာသတင်းများ၊ ကားသုံးစီး မီးရှို့မှုအပါအဝင် ပြစ်ချက်ပေါင်း ၂၁ခုကျူးလွန်သည့် ငွေတိုးချေးစားသူ ထောင်ဒဏ်ငါးနှစ်နှင့် ကြိမ်ဒဏ် ၂၄ချက် ချမှတ်ခံရ မှုခင်းရေးရာကဏ္ဍ၊ မွေးနေ့ရှင် အဆိုအမိန့်၊ ကျန်းမာရေးကဏ္ဍ၊ နည်းပညာကဏ္ဍ၊ စီးပွားရေးကဏ္ဍစုံလင်စွာဖြင့် ထွက်ရှိလာပြီဖြစ်သည်။ ***(သတင်းစဉ်)***

ကိုယ်ဝန်ဆောင်မိခင်များ ကျန်းမာရေးစောင့်ရှောက်မှု ညောင်လေးပင်မြို့၌ အသိပညာပေး ဟောပြော

ညောင်လေးပင် ဇန်နဝါရီ ၁၉

ညောင်လေးပင်မြို့နယ် ပျဉ်ရေကြီးကျေးရွာ၌ ကိုယ်ဝန်ဆောင်မိခင်များ ကျန်းမာရေးစောင့်ရှောက်ခြင်း အသိပညာပေး ဟောပြောပွဲကို ဇန်နဝါရီ ၁၃ ရက် နံနက် ၉ နာရီက အဆိုပါကျေးရွာ၌ကျင်းပရာ အခမ်းအနားတွင် ကိုယ်ဝန်ဆောင်မိခင်များ၊ ဒေသခံကျေးရွာသူ ကျေးရွာသားများအား မြို့နယ် ကျန်းမာရေးဦးစီးဌာနမှ လက်ထောက်ဆရာဝန် ဒေါက်တာဒေါ်စန်းစန်းယုက ကိုယ်ဝန်ဆောင်မိခင်များ အန္တရာယ်ကင်းစွာ မွေးဖွားနိုင်ရေး၊ မိခင်သေဆုံးမှုနှုန်းလျော့နည်းရေး၊ တစ်နှစ်အောက် ကလေးသေဆုံးမှုနှုန်း လျော့နည်းရေးတို့အတွက် အသိပညာပေး ဟောပြောသည်။

စောင့်ရှောက်မှုပေး

ဟောပြောပွဲအပြီးတွင် ပုဇွန်မြောင်းကျေးရွာ ကျေးလက်ကျန်းမာရေးဌာနမှ ကျန်းမာရေးမှူးနှင့် ဝန်ထမ်းများသည် ကိုယ်ဝန်ဆောင်မိခင် ၅၈ဦး၊ မီးယပ်နှင့် ပတ်သက်သော လူနာ၀၄ဦး၊ အထွေထွေရောဂါသည် ၁၀ ဦးတို့အား ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေးခဲ့ကြောင်း သိရှိရသည်။ **(၀၅၃)**

ရှင်းလင်းတင်ပြ

ကျိုက်ထိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ထင်းပုံကုန်းကျေးရွာသွား ဂဝံလမ်းခင်းခြင်းလုပ်ငန်းကို မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့မှ ညွှန်ကြားရေးမှူး ဦးအေးဆွေ ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးနေထက်ရှိန်နှင့် လက်ထောက်အင်ဂျင်နီယာ ဦးရဲလွင်တို့ ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ဇန်နဝါရီ ၁၆ ရက်က မြောက်ဥက္ကလာပမြို့နယ် အမက(၂)၏ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲတွင် ငါးနှစ်ဆက်တိုက် ပထမဆုရရှိသော မယမုံဇင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်မိုးမိုးဆွေ အထူးဆုချီးမြှင့်စဉ်။ (ပညာရေး)

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း အင်ဒိုနီးရှား နိုင်ငံခြားရေးဝန်ကြီး ဒေါက်တာ အာရ်၊ အမ်၊ မာတီ၊ အမ်၊ နာတလီဂါဝါနှင့် အင်ဒိုနီးရှားနိုင်ငံ လုံဘော့မြို့၌ တွေ့ဆုံဆွေးနွေးစဉ်။ (သတင်းစဉ်)

* ရှေ့ဖုံးမှ

အာဆီယံနိုင်ငံခြားရေးဝန်ကြီးများသည် အာဆီယံအသိုက်အဝန်း တည်ဆောက်ရေး၊ အာဆီယံထိပ်သီး အစည်းအဝေးများ ကျင်းပသည့် ပုံစံပြင်ဆင်သတ်မှတ်ရေး၊ အရှေ့အာရှ ထိပ်သီး အစည်းအဝေး ကျင်းပရေးကိစ္စနှင့် ကမ္ဘာ့နိုင်ငံများ အသိုက်အဝန်းတွင် အာဆီယံ အသိုက်အဝန်း၏ ကဏ္ဍမြင့်တင်ရေး ကိစ္စရပ်များနှင့် စပ်လျဉ်း၍လည်း ခင်မင်ရင်းနှီးစွာ ဆွေးနွေးခဲ့ကြသည်။ ယင်းသီးသန့် အစည်းအဝေးတွင် ဝန်ကြီး ဦးဉာဏ်ဝင်းသည် ရွေးကောက်ပွဲအပြီးကာလနောက်ပိုင်း မြန်မာနိုင်ငံတွင်း အပြုသဘော ဖြစ်ပေါ် တိုးတက်မှုများကို ရှင်းလင်း ပြောကြားခဲ့သည်။

ရုပ်သိမ်းသင့်

အာဆီယံ နိုင်ငံခြားရေး ဝန်ကြီးများက မြန်မာနိုင်ငံကိစ္စနှင့် စပ်လျဉ်း၍ ဆွေးနွေးကြရာတွင် မြန်မာနိုင်ငံ၌ ပါတီစုံ ဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲများ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ခြင်းအပါအဝင် အပြုသဘော ဖြစ်ပေါ် တိုးတက်မှုများကို ကြိုဆိုကြောင်း၊ ယင်းဖြစ်ပေါ် တိုးတက်မှုကို စီးပွားရေး ပိတ်ဆို့ထားသည့် နိုင်ငံများအနေဖြင့် အသိအမှတ်ပြု တုံ့ပြန်ရန် လိုအပ်ကြောင်းနှင့် အနောက်နိုင်ငံများအနေဖြင့် မြန်မာနိုင်ငံအပေါ် ချမှတ်ထားသည့် ပိတ်ဆို့မှုများကို ရုပ်သိမ်းခြင်းများ ပြုလုပ်ရန် သင့်ပြီဖြစ်ကြောင်း ထည့်သွင်း ပြောကြားခဲ့ကြသည်။

ဝန်ကြီး ဦးဉာဏ်ဝင်းသည် မွန်းလွဲပိုင်းတွင် အာဆီယံနိုင်ငံခြားရေး ဝန်ကြီးများနှင့် အာဆီယံ အတွင်းရေးမှူးချုပ် တို့နှင့်အတူ လုံဘော့မြို့ ပင်လယ်ကမ်းခြေ၌ ကျင်းပသည့် အာဆီယံနိုင်ငံခြားရေး ဝန်ကြီးများ သီးသန့် အစည်းအဝေး အထိမ်းအမှတ်အဖြစ် သန္တာကျောက်ခက်ပင်များနှင့် သစ်ပင်များ စုပေါင်းစိုက်ပျိုးခြင်းနှင့် လိပ်ငယ်များအား ပင်လယ်တွင်းသို့ လွှတ်ခြင်း အစီအစဉ်တွင် ပါဝင် တက်ရောက်ခဲ့သည်။

တည်ခင်းဧည့်ခံ

ယင်းနောက် ဝန်ကြီးသည် Sheraton Seng gi gi Beach Resort Hotel ၌ အင်ဒိုနီးရှား နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးနှင့် အနောက်နူဆာတန်ဂါရာ ပြည်နယ် အုပ်ချုပ်ရေးမှူးတို့က ပူးတွဲ၍ တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

ဝန်ကြီး ဦးဉာဏ်ဝင်းသည် ဇန်နဝါရီ ၁၇ ရက် နံနက်ပိုင်းတွင် အိုဘရိုင် လုံဘော့ဟိုတယ်၌ ဆက်လက်ကျင်းပသည့် အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများ သီးသန့် အစည်းအဝေးနှင့်အာဆီယံ ပေါင်းစပ်ညှိနှိုင်းရေးကောင်စီ အထူး အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။ အစည်းအဝေးတွင် အာဆီယံ နိုင်ငံခြားရေး ဝန်ကြီးများသည် အာဆီယံပေါင်းစည်းဆက်သွယ်ရေး ပေါင်းစပ်ညှိနှိုင်းရေး ကော်မတီ၏ လုပ်ငန်းတာဝန် ပြဋ္ဌာန်းသတ်မှတ်ချက်များ(Terms of Reference) ကို စဉ်းစားဆွေးနွေး အတည်ပြုခဲ့ကြပြီး အာဆီယံ ပေါင်းစည်း ဆက်သွယ်မှု အဆင့်မြင့် လုပ်ငန်းအဖွဲ့၏ ထောက်ခံတင်ပြချက်များအား ဆက်လက် အကောင်အထည်ဖော်ရေး ကိစ္စများကို ဆွေးနွေးခဲ့သည်။

ရင်းနှီးစွာဆွေးနွေး

ဝန်ကြီး ဦးဉာဏ်ဝင်းသည် အင်ဒိုနီးရှားနိုင်ငံ လုံဘော့မြို့၌ ရှိနေစဉ် ဇန်နဝါရီ ၁၅ ရက်တွင် အင်ဒိုနီးရှား နိုင်ငံခြားရေးဝန်ကြီး ဒေါက်တာ အာရ်၊ အမ်၊ မာတီ၊ အမ်၊ နာတလီဂါဝါနှင့် နှစ်နိုင်ငံချင်း သီးခြားတွေ့ဆုံခဲ့ပြီး အာဆီယံရေးရာကိစ္စရပ်များနှင့် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု ပိုမိုမြှင့်တင်ရေး ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ခင်မင်ရင်းနှီးစွာ ဆွေးနွေးခဲ့သည်။

ဝန်ကြီး ဦးဉာဏ်ဝင်းသည် လုံဘော့မြို့မှအပြန်ခရီး၌ ဂျကာတာမြို့၌ ခရီးတစ်ထောက်ရပ်နားစဉ် အင်ဒိုနီးရှားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီးနှင့် အာဆီယံဆိုင်ရာ မြန်မာအမြဲတမ်း ကိုယ်စားလှယ် ဦးဉာဏ်လင်း၊ မြန်မာသံရုံးနှင့် အာဆီယံဆိုင်ရာ မြန်မာအမြဲတမ်း ကိုယ်စားလှယ်အဖွဲ့ ရုံးတို့မှ ဝန်ထမ်းများအား တွေ့ဆုံ၍ လုပ်ငန်းပိုင်းဆိုင်ရာ မှာကြားမှုများ ပြုလုပ်ခဲ့သည်။

ဝန်ကြီး ဦးဉာဏ်ဝင်းနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာနနိုင်ငံရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်တင်နှင့် မြန်မာကိုယ်စားလှယ် အဖွဲ့ဝင်များလည်း ပြန်လည်လိုက်ပါလာကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြည်ထောင်စု မြန်မာနိုင်ငံတော်နှင့် ဂမ်ဘီယာသမ္မတနိုင်ငံတို့အကြား သံတမန် အဆက်အသွယ်ပြု

နေပြည်တော် ဇန်နဝါရီ ၂၀

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ဂမ်ဘီယာသမ္မတနိုင်ငံတို့သည် ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းပါ မူကြီးများ၊ အပြည်ပြည်ဆိုင်ရာ ဥပဒေနှင့် သံတမန်ဆက်သွယ်ရေးဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်း၊ ကောင်စစ်ဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်းတို့နှင့်အညီ နှစ်နိုင်ငံချစ်ကြည်ရေးနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးကို ထူထောင်လိုသည့် ဆန္ဒရှိကြသည့် အားလျော်စွာ ၂၀၁၁ခုနှစ် ဇန်နဝါရီ ၁၃ရက်မှစတင်၍ နှစ်နိုင်ငံအကြား သံအမတ်ကြီးအဆင့်ဖြင့် သံတမန်အဆက်အသွယ် ပြုလုပ်လိုက်သည်။

ယင်းကဲ့သို့ နှစ်နိုင်ငံ သံတမန်အဆက်အသွယ်ပြုလုပ်ရန် သဘောတူညီချက်ကို ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်နှင့် ကုလသမဂ္ဂဆိုင်ရာ ဂမ်ဘီယာ အမြဲတမ်းကိုယ်စားလှယ်တို့သည် ဇန်နဝါရီ ၁၃ရက်တွင် နယူးယောက်မြို့၌ လက်မှတ်ရေးထိုးကြသည်။

မြန်မာနိုင်ငံသည် ကမ္ဘာ့နိုင်ငံများနှင့် သံတမန်ဆက်ဆံမှုတိုးချဲ့ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ဂမ်ဘီယာသမ္မတနိုင်ငံသည် မြန်မာနိုင်ငံ၏ ၁၀၃ နိုင်ငံမြောက် သံတမန်အဆက်အသွယ် ထူထောင်သည့် နိုင်ငံဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(သောကြာနေ့-နံနက်+နေ့လယ်+ည)

၂၁-၁-၂၀၁၁

၇း၀၀	အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
၇း၀၅	တရားတော် (ဗောဇ္ဈင်္ဂသုတ်နှင့် ဂုဏ်တော်ကွန်ချာ)
၇း၃၀	ဓမ္မပူဇာတေးပဒေသာ
၇း၃၅	(၃၈)ဖြာမင်္ဂလာ နံနက်ခင်းတေးပဒေသာ
၈း၀၀	စံတော်ချိန်+သတင်း
၈း၁၀	နံနက်ခင်းတေးပဒေသာ
၁၀း၀၀	သောတရှင်လိုရာတေး
၁၀း၃၀	သတင်းစာအာဘော်
၁၀း၄၀	တူယှဉ်သီကြွေးစုံတွဲတေး
၁၁း၀၀	နေ့လယ်ခင်းသတင်း
၁၁း၁၀	နေ့လယ်ခင်းတေးပဒေသာ
၁၁း၃၀	လေလှိုင်းကြားကပွဲတင်သံ
၁၁း၄၅	နေ့လယ်ခင်းတေးပဒေသာ
၁၂း၀၀	စံတော်ချိန် ဆိုကြပျော်ရွှင်တေးသံစဉ် (Intermediate Level)
၁၂း၃၀	အလုပ်အကိုင်အခွင့်အလမ်း နေ့လယ်ခင်းတေးပဒေသာ
၁၃း၀၀	မွန်းလွဲပိုင်းသတင်း နေ့လယ်ခင်းတေးပဒေသာ
၁၃း၃၀	အစီအစဉ်ပြီး၏။
၁၆း၀၀	အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆း၃၀	စစ်သည်အတွက် တေးလက်ဆောင်
၁၇း၀၀	ညနေခင်းတေးပဒေသာ
၁၇း၁၅	ပြောပါရစေရှင် (သံသရာထွက်မြောက်ကြောင်း) တေးပဒေသာ
၁၇း၂၅	သတင်းစာဆောင်းပါး
၁၇း၃၅	ရင်ခုန်စီးဆင်း အနုပညာသတင်း (၂၅)
၁၈း၀၀	ညနေခင်းသတင်း
၁၈း၁၀	လူမှုစာနာပြန်ကြားလွှာ
၁၈း၂၀	တေးချစ်သူရွေးသီတေးပန်းချီ
၁၈း၄၅	နိုင်ငံရေးဦးတည်ချက် တေးပဒေသာ
၁၉း၀၀	နိုင်ငံတကာသတင်း
၁၉း၁၀	ညချမ်းချိန်ခါတေးပဒေသာ
၁၉း၂၅	ဇာတ်လမ်းပမာနားဆင်စရာ နို့ရည်တစ်စက်
၁၉း၄၅	တေးပဒေသာ
၂၀း၀၀	ပြည်တွင်းသတင်း
၂၀း၁၀	အနုအလှအစုံစုံ သူ့ဘဝအဖုံဖုံ (ဒါရိုက်တာ -ကြည်ဖြူသျှင်) စီးပွားရေးဦးတည်ချက် တေးပဒေသာ
၂၁း၀၀	ဆောင်းပါး (ညည်)
၂၁း၀၅	ခံစားနားဆင် မြန်မာတေးသံစဉ် လူမှုရေးဦးတည်ချက်
၂၁း၃၅	ညချမ်းချိန်ခါတေးပဒေသာ
၂၂း၀၀	အစီအစဉ်ပြီး၏။

အာဘာဖီးပြည်ပအလုပ်အကိုင် သင်တန်းကျောင်း၌ ဂဟေဆက်သင်တန်းဖွင့်လှစ်

ရန်ကုန် ဇန်နဝါရီ ၁၉

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၏ ကြီးမှူးစီစဉ်ဆောင်ရွက်မှုဖြင့် ဂျပန်နိုင်ငံသို့ အလုပ်သင်ဂဟေဆက် အဖြစ်သွားရောက်မည့် အလုပ်သင်များအတွက် ဂဟေဆက် သင်တန်းကို ဇန်နဝါရီ ၁၄ ရက်တွင် အာဘာဖီး ပြည်ပအလုပ်အကိုင် သင်တန်းကျောင်း၌ ဖွင့်လှစ်ရာ သင်တန်းသား ၅၃ဦး တက်ရောက်ခဲ့ကြပြီး ယခုသင်တန်းမှာ(၉)ကြိမ်မြောက်ဖြစ်ကြောင်း သိရှိရသည်။

တက်ရောက်

အဆိုပါ သင်တန်းဖွင့်ပွဲသို့ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းမှ သင်တန်း ကော်မတီဥက္ကဋ္ဌ ဦးသန်းမြင့်၊ အထွေထွေ အတွင်းရေးမှူး ဦးကိုကိုကြီး၊ တွဲဖက်အထွေထွေ အတွင်းရေးမှူး ဦးအုန်းမြင့်၊ အာဘာဖီးပြည်ပ အလုပ်အကိုင် ဝန်ဆောင်မှုကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးစိန်ဖေ၊ သင်တန်းကျောင်း ကျောင်းအုပ်ကြီး ဦးအောင်နိုင်သူတို့ တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲတွင် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းမှ သင်တန်း ကော်မတီ ဥက္ကဋ္ဌ ဦးသန်းမြင့်နှင့် အာဘာဖီးပြည်ပအလုပ်အကိုင် ဝန်ဆောင်မှုကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးစိန်ဖေတို့က အမှာစကား ပြောကြားကြပြီး တွဲဖက်အထွေထွေ အတွင်းရေးမှူး ဦးအုန်းမြင့်နှင့် သင်တန်းကျောင်း ကျောင်းအုပ်ကြီး ဦးအောင်နိုင်သူတို့က သင်တန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြသည်။ သင်တန်းပြီးဆုံးသည့်အခါတွင် ဂျပန်နိုင်ငံမှ လာရောက်၍ လက်တွေ့စစ်ဆေး ရွေးချယ်မည်ဖြစ်ကြောင်းနှင့် ရွေးချယ်ခြင်းခံရသူများသည် ဂျပန်နိုင်ငံ၌ သုံးနှစ်ကြာ အလုပ်သင်အဖြစ် သင်ကြားခွင့် ရရှိမည်ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

ဒီဇင်ဘာ ၂၇ရက်က ကြံခင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရုံးဝင်းအတွင်းရှိ ပျိုးဥယျာဉ်နှင့် မြေယာရှုခင်းအလှ ဆောင်ရွက်ထားရှိမှုကို ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့၏ မြို့သာယာလှပရေး စစ်ဆေးမှုအဖွဲ့မှ ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

မြောက်ပိုင်းဒေသများ ကွက်ကျားမိုးရွာနိုင်

နေပြည်တော် ဇန်နဝါရီ ၁၉

ယနေ့ နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတွင် နေရာကွက်ကျားနှင့် ကချင်ပြည်နယ်တွင် နေရာကျဲကျဲမိုးရွာခဲ့ပြီး ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် အများအားဖြင့်သာယာခဲ့သည်။ ညအပူချိန်များမှာ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၄ ဒီဂရီစင်တီဂရိတ်လျော့နည်းခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် ၀ ဒီဂရီစင်တီဂရိတ်၊ နမ့်စန်မြို့တွင် ၅ ဒီဂရီစင်တီဂရိတ်၊ လားရှိုးမြို့၊ ပလက်ဝမြို့နှင့် ကသာမြို့တို့တွင် ၆ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ မချမ်းဘောမြို့တွင် ၀ ဒသမ ၁၆ လက်မနှင့် ပူတာအိုမြို့တွင် ၀ ဒသမ ၁၁ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

ဇန်နဝါရီ ၂၀ရက် ညနေအထိခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းတို့တွင် နေရာကွက်ကျားမိုးရွာနိုင်ပြီး ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့် ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် နေရာကွက်ကျားမိုးရွာနိုင်သည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ဇန်နဝါရီ ၅ရက် ပညာရည်ချွန်ဆုပေးပွဲကို လှိုင်မြို့နယ်၌ ကျင်းပရာ မြို့နယ်ဘက်စုံပညာ ထူးချွန်စာမေးပွဲ ဘာသာစုံ ပထမနှင့်ထူးချွန်ဆုငါးဆုရရှိသော အထက (၂) လှိုင်မှ မသဲစုလှိုင်အား မြို့နယ်ပညာရေးမှူး ဒေါ်မြင့်ရီ ဆုချီးမြှင့်စဉ်။ (၁၂၈)

၂၀၁၁ ခုနှစ်၊ (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊

(၂) တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရေး၊

(၃) နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏အန္တရာယ်ကို တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုဖြင့် ပူးပေါင်းကာကွယ်တားဆီးရေး၊

(၄) တိုင်းရင်းသားပြည်သူများ၏ တစ်ခဲနက်ထောက်ခံမှုဖြင့် အတည်ပြုခဲ့သော နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး၊

(၅) နှစ်ပေါင်းထောင်ချီ၍ ဥမကွဲသိုက်မပျက် ဖြစ်ထွန်းလျက်ရှိသည့် နိုင်ငံတော်ကြီးကို ပြည်ထောင်စုကြီးအဖြစ် အရှည်တည်တံ့ခိုင်မြဲစေရန် တိုင်းရင်းသားစည်းလုံးညီညွတ်မှုစွမ်းပကားဖြင့် ပူးပေါင်းဆောင်ရွက်ရေး။

❒ *ကျောဖုံးမှ*

ကမ္ဘာတစ်ဝန်းတွင် ငလျင်လှုပ်မှု၊ ရေလွှမ်းမှု၊ ဆူနာမီရေလှိုင်းများဖြစ်ပေါ်မှုစသည့် သဘာဝဘေးအန္တရာယ်များ ပိုမိုပြင်းထန်စွာဖြစ်ပွားမှုကြောင့် ကမ္ဘာ့နိုင်ငံများတွင် နေအိမ်အဆောက်အအုံများ ပျက်စီးပြီး လူသန်းပေါင်းများစွာ သေဆုံးနိုင်ကြောင်း ၄င်းမှတ်တမ်း၌ ဖော်ပြထားသည်။

ဆောင်ရွက်

လာမည့်နှစ်၌ ရာသီဥတုပြောင်းလဲဖောက်ပြန်မှုအခြေအနေကို သတိပေးမှုများ ပြုလုပ်ရန်အတွက် အချက်အလက်များအား အထိရောက်ဆုံးဖြစ်စေရေး ဆောင်ရွက်သွားမည် ဖြစ်သည်။

ဖော်ပြထား

ရာသီဥတုပြောင်းလဲမှုကြောင့် ကမ္ဘာကိုဆိုးကျိုးများ ရိုက်ခတ်ခဲ့မှုများအပေါ် စတင်ဖြစ်ပွားခဲ့သည့် ကာလမှစ၍ လေ့လာဆန်းစစ်ပြီး ပြုဖွယ်ကိစ္စရပ်များကို လုပ်ကိုင်သွားမည်ဖြစ်သည်။ မြေငလျင်လှုပ်မှုများမှသည် ကမ္ဘာကြီးအခြေအနေ ပြောင်းလဲမှုများကိုလည်း လေ့လာဆန်းစစ်မှုများ ပြုလုပ်သွားမည်ဟု ၄င်း၏မှတ်တမ်း၌ ဖော်ပြထားသည်။

(အင်တာနက်)

အခါမဲ့မိုး

၁၉-၁-၂၀၁၁

မချမ်းဘောမြို့

ဝ ဒသမ ၁၆ လက်မ

ပူတာအိုမြို့

ဝ ဒသမ ၁၁ လက်မ

❍ *ကျောဖုံးမှ*

ဦးဆောင် ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်နှင့် ရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိသူများ၊ လေးဦးအဖွဲ့ သတ္တုလုပ်ငန်းကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာနှင့် ဒါရိုက်တာအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရှေးဦးစွာ ဝန်ကြီးက အဖွင့်အမှာစကားပြောကြားပြီး အမှတ်(၃) သတ္တုတွင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထိန်က ကျောက်မီးသွေးအကြီးစား တူးဖော်ထုတ်လုပ်မှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။ ထို့နောက် လေးဦးအဖွဲ့ သတ္တုလုပ်ငန်းကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးရန်ဝင်းက ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် လေးဦးအဖွဲ့ သတ္တုလုပ်ငန်းကုမ္ပဏီလီမိတက်နှင့် အမှတ်(၃)သတ္တုတွင်းလုပ်ငန်းတို့၏ လုပ်ငန်းသဘောတူစာချုပ်ကို ဦးဆောင်ညွှန်ကြားရေးမှူးနှင့် မန်နေဂျင်းဒါရိုက်တာတို့က လက်မှတ်ရေးထိုးကြသည်။

ထို့နောက် ဝန်ကြီးက ဓာတ်သတ္တုအကြီးစားထုတ်လုပ်ရန် ခွင့်ပြုမိန့်ကို မန်နေဂျင်းဒါရိုက်တာထံ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ ဆရာဝန်များညီလာခံ၌ အီးအမ်ပီကုမ္ပဏီမှ ဆေးအရောင်းပြခန်း ပါဝင်ပြသ

ရန်ကုန် ဇန်နဝါရီ ၁၉

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်း အမှတ် ၂၄၉ ရှိ မြန်မာနိုင်ငံ ဆရာဝန်များအသင်း၌ ဇန်နဝါရီ ၁၉ ရက်မှ ၂၅ ရက်အထိ ကျင်းပလျက်ရှိသည့် (၅၇)ကြိမ်မြောက် မြန်မာနိုင်ငံ ဆရာဝန်များ ညီလာခံ(၂၀၁၁) အထိမ်းအမှတ် ဆေးနှင့် ဆေးပစ္စည်းပြခန်းများ ခင်းကျင်းပြသလျက်ရှိရာ EMP. Co., Ltd.မှ ဆေးနှင့်ဆေးပစ္စည်း အရောင်းပြခန်းကို ခင်းကျင်းပြသရောင်းချလျက်ရှိသည်။

ရောင်းချပေး

အဆိုပါ ပြခန်း၌ Kunming Dihon Pharmaceutical Co., Ltd. မှ ထုတ်လုပ်သည့် Haicneal, Skineal, Boneal, Acneal, Fitneal, Femneal ဆေးဝါးတို့ကိုလည်းကောင်း၊ Tianjan Tianyao Pharmaceutical Co., Ltd. မှ ထုတ်လုပ်သည့် Compound Miconozole Nitrate Ointment, Fluocinonide Ointment, You Jin, Dexamethazone Acetate Tablets, Amino Acid Injection 18 AA, Amino Acid Injection 18 AA III ဆေးဝါးနှင့် EMP. Co., Ltd. မှ ဖြန့်ချိလျက်ရှိသည့် ဆေးဝါးများကို အရည်အသွေးအာမခံချက် အပြည့်အဝဖြင့် အထူးဈေးနှုန်းများနှင့် ရောင်းချပေးလျက်ရှိသည်။

ယင်းဆေးဝါးများကို ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် ဗိုလ်မြတ်ထွန်းလမ်း အမှတ် ၂၂၂ ဖုန်း-၀၁-၂၉၆၉၉၅၊ ၂၉၁၈၃၉နှင့် အမှတ် T2-2 သဇင်ပလာဇာ ၃၁လမ်းနှင့် ၃၂လမ်း၊ ၇၇လမ်းနှင့် ၇၈လမ်းကြား ချမ်းအေးသာစံမြို့နယ် မန္တလေးမြို့ ဖုန်း-၀၂-၃၁၃၆၃ နှင့် ၉၁၀၁၅၇၀၁ တို့တွင် ဆက်သွယ်မှာယူရရှိနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ ဆရာဝန်များညီလာခံ၌ EMP. Co., Ltd.မှ ဆေးနှင့် ဆေးပစ္စည်း အရောင်းပြခန်း ပါဝင်ပြသရောင်းချစဉ်။

(သတင်းစဉ်)

သက်ရှိလောက တည်မြဲဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

ရွာသစ်၊ နမ့်ပွန်၊ နမ့်တဘက်၊ လေးမြို့၊ လေးမြို့(၂)နှင့် စိုင်းဒင်ရေအားလျှပ်စစ်စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် သဘောတူညီမှုစာချွန်လွှာများကို လက်မှတ်ရေးထိုးကြစဉ်။

(သတင်းစဉ်)

ရွာသစ်၊ နမ့်ပွန်၊ နမ့်တဘက်၊ လေးမြို့၊ လေးမြို့(၂)နှင့် စိုင်းဒင်ရေအားလျှပ်စစ်စီမံကိန်းများဆိုင်ရာ သဘောတူညီမှုစာချွန်လွှာ လက်မှတ်ရေးထိုး

နေပြည်တော် ဇန်နဝါရီ ၁၉

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Datang Corporation, Vice President, Mr. Zou Jiahua နှင့် China Datang Overseas Investment Co., Ltd. President , Mr. Kou Bingen နှင့် အဖွဲ့ဝင်များသည် ဇန်နဝါရီ ၁၈ရက်တွင် နေပြည်တော်ရှိ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး၏ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ရေအားလျှပ်စစ်စီမံကိန်းများဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြသည်။

တက်ရောက်

ထို့နောက် အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်စီမံရေးဦးစီးဌာန၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Datang Overseas Investment Co.,Ltd. နှင့် Shwe Taung Hydropower Co., Ltd. တို့ ရွာသစ်၊ နမ့်ပွန်၊ နမ့်တဘက်၊ လေးမြို့၊ လေးမြို့(၂) နှင့် စိုင်းဒင်ရေအားလျှပ်စစ်စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် သဘောတူညီမှု စာချွန်လွှာများ လက်မှတ်ရေးထိုးခြင်း အခမ်းအနားကို ရဲရွာခန်းမ၌ ဆက်လက်ကျင်းပရာ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးတင်နိုင်သိန်း၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှသိန်းဆွေ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Datang Corporation,Vice President, Mr. Zou Jiahua နှင့် China Datang Overseas Investment Co., Ltd. President, Mr. Kou Bingen နှင့် အဖွဲ့ဝင်များ၊ Shwe Taung Hydropower Co., Ltd. ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီး ဦးဇော်မင်းက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် China Datang Corporation, Vice President, Mr. Zou Jiahua နှင့် Shwe Taung Hydropower Co.,Ltd. အုပ်ချုပ်မှုဒါရိုက်တာတို့က သဘောတူညီမှု စာချွန်လွှာ (Memorandum of Agreement) များ လက်မှတ်ရေးထိုးခြင်းနှင့်စပ်လျဉ်း၍ ကျေးဇူးတင်စကား ပြောကြားကြသည်။

လက်မှတ်ရေးထိုး

ထို့နောက် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်စီမံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကြီးစိုး၊ China Datang Overseas Investment Co., Ltd. President, Mr. Kou Bingen နှင့် Shwe Taung Hydropower Co., Ltd. အုပ်ချုပ်မှုဒါရိုက်တာတို့က သဘောတူညီမှု စာချွန်လွှာများကို လက်မှတ်ရေးထိုးကြသည်။

အကောင်အထည်ဖော်

သဘောတူညီမှုစာချွန်လွှာများ လက်မှတ်ရေးထိုးခြင်းသည် မြန်မာနိုင်ငံ အရှေ့ဘက်ခြမ်း ကယားပြည်နယ်ရှိ သံလွင်မြစ်၊ နမ့်ပွန်မြစ်နှင့် နမ့်တဘက်မြစ်တို့ပေါ်တွင် ရွာသစ်၊ နမ့်ပွန်၊ နမ့်တဘက် စသည့် ရေအားလျှပ်စစ်စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရန်နှင့် မြန်မာနိုင်ငံ အနောက်ဘက်ခြမ်း ရခိုင်ပြည်နယ်ရှိ လေးမြို့မြစ်နှင့် စိုင်းဒင်မြစ်တို့ပေါ်တွင် လေးမြို့၊ လေးမြို့(၂)နှင့် စိုင်းဒင်ရေအားလျှပ်စစ်စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်စီမံရေးဦးစီးဌာန၊ China Datang Overseas Investment Co.,Ltd. နှင့် Shwe Taung Hydropower Co., Ltd. တို့ သဘောတူညီမှု စာချွန်လွှာများ လက်မှတ်ရေးထိုးကြခြင်းဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

တွံတေးမြို့နယ် အထက်တန်းကျောင်းခွဲ(မြို့မ)၏ ၂၀၀၉-၂၀၁၀ ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၁၇ ရက်က ကျင်းပရာ တက္ကသိုလ်ဝင်စာမေးပွဲတွင် ငါးဘာသာဂုဏ်ထူးရရှိသော မောင်မျိုးမောင်မောင်အား ကျောင်းအုပ် ဆရာမကြီး ဒေါ်ခင်နွဲ့မူက ဂုဏ်ပြုဆုချီးမြှင့်စဉ်။

(မြို့နယ် ပြန်/ဆက်)

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးရှိ လမ်း၊ တံတားလုပ်ငန်းများ

ဆောက်လုပ်ရေးဝန်ကြီး ဦးခင်မောင်မြင့် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၁၉

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်သည် ဇန်နဝါရီ ၁၇ ရက် ညနေပိုင်းက ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး(စကားအင်းအပိုင်းမှ တံခွန်တိုင်တံတားအပိုင်းအထိ) လမ်းလုပ်ငန်းများနှင့် Box Culvert တည်ဆောက်နေမှု၊ မိုင်တိုင်အမှတ်(၃၆၀/၀နှင့် ၃၆၀/၁)ကြားတွင် အရှည်ပေ ၆၀၀ ရှိ သံကူကွန်ကရစ်အမျိုးအစား မြစ်ဆွတ်ချောင်းတံတားဘိုးပိုင်တူးခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ အရှည်ပေ ၁၂၀ ရှိ သံမဏိသံပေါင်ရက်မ၊ သံကူကွန်ကရစ်ကြမ်းခင်းတို့ဖြင့် တည်ဆောက်နေသည့် စစ်ကိုင်း-မြစ်ငယ်ဖြတ်လမ်း ခုံးကျော်တံတားတည်ဆောက်နေမှုကို လည်းကောင်း၊ အရှည်ပေ ၉၀ ရှိ သံကူကွန်ကရစ်အမျိုးအစား ရန်ကုန်-မန္တလေး မီးရထားလမ်း ခုံးကျော်တံတားတည်ဆောက်နေမှုကို လည်းကောင်း၊ ရန်ကုန်-မန္တလေးပြည်ထောင်စုလမ်းမကြီးနှင့်ဆုံသည့် တံခွန်တိုင်တံတားနှင့် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး တွေ့ဆုံမည့်နေရာ၌ အဝိုင်းပတ်လမ်းလုပ်ငန်းဆောင်ရွက်မည့် အခြေအနေကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

အရှိန်အဟုန်

ယခု ဖောက်လုပ်ဆောင်ရွက်နေသည့် စကားအင်းအပိုင်းမှ တံခွန်တိုင်တံတားအပိုင်းအထိလမ်းသည် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးနှင့်တစ်ဆက်တစ်စပ်တည်းရှိပြီး လမ်းအရှည် ၁၃ မိုင် ၄ ဖာလုံရှိကာ အဆိုပါ လမ်းပေါ်တွင် အရှည် ပေ ၆၀၀ ရှိ မြစ်ဆွတ်ချောင်းတံတား၊ အရှည်ပေ ၁၂၀ ရှိ စစ်ကိုင်း-မြစ်ငယ်ဖြတ်လမ်း ခုံးကျော်တံတား၊ အရှည်ပေ ၉၀ ရှိ ရန်ကုန်-မန္တလေး မီးရထားလမ်း ခုံးကျော်တံတားနှင့် Box Culvert များပါရှိပြီး လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အမြန်ပြီးစီးရေးအတွက် နေ့ညအရှိန်အဟုန်ဖြင့်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လူကုန်ကူးမှု တားဆီးကာကွယ်ရေး

ကျိုင်းတုံ၌ ပညာပေးဟောပြော

ကျိုင်းတုံ ဇန်နဝါရီ ၁၉

ကျိုင်းတုံခရိုင် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသော လူမှောင်ခို၊လူကုန်ကူးမှု တားဆီးကာကွယ်ရေးဆိုင်ရာ ပညာပေးဟောပြောပွဲကို ဇန်နဝါရီ ၁၁ ရက်က ကျိုင်းတုံမြို့ အထက(၂)ခန်းမဆောင်၌ကျင်းပရာ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ညွန့်ညွန့် **(အပေါ်ပုံ)**က အမှာစကားပြောကြားသည်။

ထို့နောက် ခရိုင်အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး လက်ထောက်ပြည်နယ်ဥပဒေအရာရှိ ဒေါ်လှလှဌေးက လူမှောင်ခို၊လူကုန်ကူးမှု တားဆီးကာကွယ်ရေးဆိုင်ရာဥပဒေကိုလည်းကောင်း၊ မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကျော်ကျော်ဝင်းက AIDS ရောဂါကာကွယ်ရေးဆိုင်ရာကိုလည်းကောင်း ပညာပေးဟောပြောခဲ့ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

ဇန်နဝါရီ ၁၄ ရက်က ကျင်းပသော ဗဟန်းမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၀၉-၂၀၁၀ပညာသင်နှစ် မိဘဆရာအသင်းနှစ်ပတ်လည် အစည်းအဝေး၊ ပညာရည်ချွန်နှင့် ဘက်စုံထူးချွန်ဆုပေးပွဲ၌ ကျောင်းအုပ်ဆရာမကြီး ဒေါက်တာနွယ်နီလွင်က တက္ကသိုလ်ဝင်တန်းတွင် ခြောက်ဘာသာဂုဏ်ထူးရရှိသော မသဇင်ငြိမ်းသူအား ဆုချီးမြှင့်စဉ်။

(ပညာရေး)

ဝက်ရောဂါ စူးစမ်းရှာဖွေရေး

သနပ်ပင်မြို့၌ ညှိနှိုင်းစည်းဝေး

သနပ်ပင် ဇန်နဝါရီ ၁၉

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန နှင့် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO)တို့ပူးပေါင်းဆောင်ရွက်သည့် ဝက်ရောဂါစူးစမ်းရှာဖွေလေ့လာရေး လုပ်ငန်းစီမံချက်ဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၆ ရက်က သနပ်ပင်မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှင်းလင်းတင်ပြ

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးစိုးမြင့်ဝင်းက အမှာစကားပြောကြားပြီးနောက်**(အောက်ပုံ)** မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ပဲခူးခရိုင် လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာတင်တင်ဝေနှင့် မြို့နယ်ဦးစီးမှူး ဒေါက်တာထွန်းလှစိန်တို့က ဝက်ရောဂါ စူးစမ်းရှာဖွေရေးဆောင်ရွက်မည့် လုပ်ငန်းစီမံချက်ကို ရှင်းလင်းတင်ပြကြကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

အာစရိယ ပူဇော်ကြမည်

နေပြည်တော် ဇန်နဝါရီ ၁၉

ရန်ကုန်စက်မှုတက္ကသိုလ်

ရန်ကုန်စက်မှုတက္ကသိုလ် (၁၉၈၇-၁၉၉၁)မြို့ပြအင်ဂျင်နီယာ ကျောင်းဆင်းများ၏ ဆဋ္ဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် ဘာသာစုံ(၁၉၈၇-၁၉၉၁)အင်ဂျင်နီယာကျောင်းဆင်းများ၏ ပထမအကြိမ် အာစရိယပူဇော်ပွဲကို မတ် ၂ ရက်(တောင်သူလယ်သမားနေ့)တွင် ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းရှိ အင်းလျားကန်ဟိုတယ်၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသားဟောင်းများ မပျက်မကွက်တက်ရောက်၍ ဆရာ ဆရာများအား ပူဇော်ကန်တော့ကြရန်နှင့် မြို့ပြ-ဒေါက်တာဉာဏ်မြင့်ကျော် ဖုန်း-၀၉-၅၀၃၃၅၅၈၊ ဦးစိုးလွင်(ချက်ကြီး) ဖုန်း-၀၉-၅၀၄၁၉၀၅၊ ဦးဝင်းနိုင်ထွန်း ဖုန်း-၀၉-၅၀၇၇၁၅၃၊ ဦးသန်းဝင်း ဖုန်း-၀၉-၅၀၁၇၄၂၅၊ စက်မှု၊လျှပ်စစ်နှင့် ဘာသာစုံ-ဦးမိုးမြင့်ကျော် ဖုန်း-၀၉-၅၀၃၆၀၆၉၊ ဦးတင်မောင်နိုင် ဖုန်း-၀၉-၅၁၂၅၃၇၆၊ ဦးကျော်သူအောင် ဖုန်း-၀၉-၅၀၀၀၃၁၈၊ ဦးတင်ဦး ဖုန်း-၀၉-၅၀၀၈၉၂၃ နှင့် ဦးခင်မောင်လွင် ဖုန်း-၀၉-၅၀၀၄၁၈၉ တို့ထံသို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။

သမိုင်းအထူးပြု ကျောင်းသားဟောင်းများ

တက္ကသိုလ်ပေါင်းစုံ သမိုင်းအထူးပြု ကျောင်းသား ကျောင်းသူများ၏ (၁၂)ကြိမ်မြောက်အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၃၀ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် တက္ကသိုလ်များမွှာရုံ၌ ကျင်းပမည်ဖြစ်ပြီး မိတ်ဆုံညစာစားပွဲကို M 3 Food Centre ၌ ယင်းနေ့ ညနေ ၆ နာရီတွင် ကျင်းပမည်ဖြစ်ရာ ဒေါက်တာမာဂရက်ဝေါင်း ဖုန်း-၀၉-၅၁၃၃၁၇၈၊ ဒေါက်တာခင်စောနွဲ့ ဖုန်း-၀၉-၅၁၃၂၄၈၈၊ ဦးမောင်မောင်ကြွယ် ဖုန်း-၆၆၆၇၀၅၊ ဒေါက်တာစုစုမြိုင် ဖုန်း-၀၉-၅၁၈၁၈၅၈၊ ဒေါက်တာခင်သိန်းဝင်း ဖုန်း-၅၁၂၂၈၆၊ ဒေါက်တာစန္ဒာနိုင် ဖုန်း-၀၉-၅၀၀၀၉၂၅၊ ဒေါက်တာစုစုနိုင် ဖုန်း-၀၉-၅၁၉၃၀၀၂၊ ဒေါက်တာဇော်စိုးမင်း ဖုန်း-၀၉-၅၁၃၇၅၅၄၊ ဦးဉာဏ်ဝင်း ဖုန်း-၂၀၃၁၅၄၊ ဦးဝင်းနိုင် ဖုန်း-၅၅၂၃၆၅၊ ဦးနန်းအောင် ဖုန်း- ၅၇၉၈၃၈၊ ဦးဝင်းကြွယ် ဖုန်း-၀၉-၈၅၃၇၀၉၂၊ ဦးအောင်ကျော်မင်း ဖုန်း-၀၉-၅၀၇၀၂၆၂၊ ဒေါ်စိန်ကျင် ဖုန်း-၀၉-၅၁၀၆၀၉၁၊ ဦးမျိုးလွင် ဖုန်း-၀၉-၅၁၃၃၅၅၊ ဦးကျော်ထွန်း ဖုန်း-၀၉-၅၁၆၁၂၂၀ နှင့် ဦးကိုကိုနိုင် ဖုန်း-၀၉-၅၀၁၉၄၈၈ တို့ထံသို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။

အထက (၃)ကြည့်မြင်တိုင်

အထက(၃) ကြည့်မြင်တိုင် ကျောင်းသား ကျောင်းသူဟောင်းများ၏ (၁၃)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၂ရက်(ပြည်ထောင်စုနေ့) နံနက် ၉ နာရီတွင် ကျောင်း၏စကားဖြူခန်းမ၌ ကျင်းပမည်ဖြစ်ရာ ဆရာ ဆရာမကြီးများအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေတက်ရောက်ကြရန်နှင့်လှူဒါန်းလိုသူများသည် ဦးမြင့်သန်း ဖုန်း-၀၉-၅၁၀၁၀၉၂၊ ဥက္ကဋ္ဌ ဦးသိန်းလွင် ဖုန်း-၀၁-၇၃၁၀၇၄၃၈၊ ဦးခင်စိုး ဖုန်း-၀၁-၇၃၀၄၆၈၃၅၊ ဦးဌေးဝင်း ဖုန်း-၀၉-၅၁၈၅၆၅၇၊ ကိုကံကြည် ဖုန်း-၀၉-၅၀၈၅၉၆၉၊ ကိုထိန်လင်းအောင် ဖုန်း-၀၁-၇၃၁၀၄၆၀၇၊ ကိုတင်မောင်ထွေး ဖုန်း-၀၁-၇၃၀၂၆၃၃၁၊ မစုစုမြိုင် ဖုန်း-၀၁-၇၃၁၀၀၂၇၆ နှင့် အတွင်းရေးမှူး တင်ဝင်းလေး(ကြည့်မြင်တိုင်) ဖုန်း-၀၉-၅၀၅၀၂၈၀ တို့ထံသို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရှိရသည်။

မြောင်းမြမြို့ အထက (၃)

မြောင်းမြမြို့ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း (ယခင်ကာတိုလိပ်ကျောင်း) ကျောင်းသား ကျောင်းသူများ၏ ဒုတိယအကြိမ်မြတ်ဆရာပူဇော်ပွဲကို ဇန်နဝါရီ ၂၂ ရက်(စနေနေ့)တွင်ကျင်းပမည်ဖြစ်ရာ ကျောင်းသားကျောင်းသူဟောင်းများအနေဖြင့် အသက်(၆၀)ပြည့်ပြီး အငြိမ်းစားယူပြီး ဆရာ ဆရာမကြီးများအား ပူဇော်ပွဲသို့ မပျက်မကွက်တက်ရောက်ကြရန်နှင့် ကျောင်းတွင် တာဝန်ထမ်းဆောင်ခဲ့ဖူးသော အငြိမ်းစားဆရာ ဆရာမကြီးများအား အပူဇော်ခံကြွရောက်ရန် နှိုးဆော်ထားကြောင်း သိရှိရသည်။

အမက (၁၂) မြောက်ဥက္ကလာပ

မြောက်ဥက္ကလာပမြို့နယ် အမှတ်(၁၂) အခြေခံပညာမူလတန်းကျောင်း (က)ရပ်ကွက်၏ ၁၉၆၀-၁၉၈၀ ပညာသင်နှစ်အတွင်း ကျောင်းအုပ်ဆရာ ဆရာမဟောင်းများအား ဆဋ္ဌမအကြိမ် မြတ်ဆရာပူဇော်ပွဲကို ဇန်နဝါရီ ၃၀ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများ မပျက်မကွက်တက်ရောက်ကြရန်နှင့် လှူဒါန်းလိုသူများသည် ဦးအေးလွင် ဖုန်း-၆၉၀၁၅၂၊ ဦးကံတွန်း ဖုန်း-၆၉၀၁၂၆၊ ဦးဝင်းနိုင် ဖုန်း-၆၉၀၀၀၅ နှင့် ဦးတင်အောင်ဝင်း ဖုန်း-၆၉၀၀၄၇ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။

ဖျာပုံ အမှတ်(၇) တောင်ပိုင်း အမက

ဖျာပုံမြို့(၅)လမ်း အမှတ်(၇)တောင်ပိုင်း အခြေခံပညာမူလတန်းကျောင်း ကျောင်းသား ကျောင်းသူဟောင်းများ၏ ပထမအကြိမ် သက်ပြည့်အငြိမ်းစား ဆရာ ဆရာမကြီးများအား ပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၃ ရက် မွန်းတည့် ၁၂ နာရီတွင် တောင်ပိုင်း အမကကျောင်း၌ ကျင်းပမည်ဖြစ်ရာ လှူဒါန်းလိုသူများသည် ဆရာမဒေါ်ခင်မာစော ဖုန်း-၀၄၅-၄၁၀၁၇၊ ဆရာဦးသိန်းထွန်း တောင်ပိုင်းကျောင်း၊ ကိုကျော်နိုင်လင်း ဖုန်း-၀၉-၈၅၀၂၃၇၄ နှင့် ကိုသန့်ဇင် ဖုန်း-၀၄၅-၄၁၄၁၈၊ ၀၄၅-၄၀၁၃၄ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

စာရေးကိရိယာများ ဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၁၉

Salient Trading Co., Ltd. သည် STABILO(Germany) အမှတ်တံဆိပ် အပါအဝင် အရည်အသွေးမြင့်မားသော စာရေးကိရိယာအမျိုးမျိုးကို ဂျာမနီ၊ မလေးရှား၊ ကိုရီးယားနိုင်ငံများမှ တင်သွင်း ဖြန့်ချိလျက်ရှိရာ STABILO(Germany) အမှတ်တံဆိပ်၏ ထူးခြားချက်မှာ စာမေးပွဲဖြေဆိုသူများအတွက် အထူးသီးသန့်ထုတ်လုပ်ထားသော ဘောလ်ပင်၊ ခဲတံ၊ ခဲဖျက်၊ ချွန်စက်များ၊ စာရေးနည်း စတင်သင်ကြားသည့် မူကြိုကလေးငယ်များအတွက် ဘယ်သန်နှင့် ညာသန် ခွဲခြားရေးသားနိုင်သော ခဲဆန်ဘောလ်ပင်များ၊ အရောင် ၂၅ မျိုး ဘောလ်ပင်စသည်ဖြင့် သီးသန့်ထုတ်လုပ်ထားခြင်း ဖြစ်သည်။

အထူးသဖြင့် Exam Grade ဘောလ်ပင်များသည် စာရေးသားရာတွင် ချောမွတ်မှုရှိခြင်း၊ မင်မယိုခြင်း၊ အရောင်တောက်ပခြင်း၊ ရေးသားနိုင်သည့် စာမျက်နှာ အရေအတွက်ကို သိရှိနိုင်ခြင်း၊ မင်ချောင်းအစားထိုး သုံးစွဲနိုင်ခြင်းနှင့် Exam Grade ခဲတံများသည် စာရေးသားရာတွင် ချောမွတ်မှုရှိခြင်း၊ ကျိုးလွယ်မှုမရှိခြင်း၊ ခဲသားနက်ခြင်း စသည့် ထူးခြားချက်များ ပါဝင်သည်။

ရန်ကုန်မြို့ ပြည်လမ်း စိန်ဂေဟာ စူပါစင်တာ၌ ဇန်နဝါရီ ၂၉ ရက်မှ ဖေဖော်ဝါရီ ၄ ရက်အထိ ပြုလုပ်မည့် စာမေးပွဲဖြေဆိုမည့် ကျောင်းသားကျောင်းသူများအတွက် STABILO Exam Grade ဘောလ်ပင်နှင့် စာရေးကိရိယာများကို ပရိုမိုးရှင်းအစီအစဉ်တွင်၁၅ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းအထိ ဈေးလျှော့ရောင်းချမည်ဖြစ်သည်။

ဆက်သွယ်စုံစမ်းနိုင်

ဆက်သွယ်လိုပါက Salient Trading Co., Ltd. အမှတ်၂၂ ၄၀၁ လမ်း စောရန်ပိုင်(တောင်)ရပ်ကွက် အလုံမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၂၂၅၁၁၀ နှင့် ၀၁-၇၀၃၁၆၅ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ကလေးပြပွဲ၊ ပြိုင်ပွဲ ထီးလင်း၌ ကျင်းပ

ထီးလင်း ဇန်နဝါရီ ၁၉

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် စံပြမိခင်ဆုချီးမြှင့်ပွဲနှင့် ကလေးပြပွဲ၊ ပြိုင်ပွဲဆုပေးပွဲကို ဇန်နဝါရီ ၃ ရက်က ဂန့်ဂေါခရိုင် ထီးလင်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံး၌ကျင်းပရာ ဆုပေးပွဲတွင် စံပြမိခင် ပထမဆု၊ ဒုတိယဆု၊ တတိယဆုတို့နှင့် ကလေးပြပွဲ၊ ပြိုင်ပွဲတွင် မွေးစမှ ခြောက်လ၊ ခြောက်လမှ တစ်နှစ်၊ တစ်နှစ်မှနှစ်နှစ်တို့အပြင် အမြွာဆုများကို မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်သန်းရွှေ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသီတာဝင်းနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ကြကြောင်း သိရှိရသည်။ (၀၇၁)

ပခုက္ကူမြို့၏ မြို့ဝင်ဆိုင်းဘုတ် မြေယာရှုခင်းကို ဤသို့တွေ့ရသည်။

● ရှေ့ဖုံးမှ

ပခုက္ကူမြို့သည် ၄၈၅ ဒသမ ၈၄ စတုရန်းမိုင် ကျယ်ဝန်းပြီး မြို့ပေါ် ရပ်ကွက် ၁၅ရပ်ကွက်၊ ကျေးရွာအုပ်စု ၅၅အုပ်စုနှင့် ကျေးရွာပေါင်း ၂၅၈ ရွာရှိသော ခရိုင်မြို့ကြီးဖြစ်သည်။ မြို့ပေါ်တွင် အိမ်ခြေ၁၇၈၀၃ အိမ်နှင့် လူဦးရေ ၁၅၇၀၀၀ ကျော် နေထိုင်လျက်ရှိသည်။

တိုးတက်နေပြီ

ပခုက္ကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့ပြလမ်းများ ကောင်းမွန်စေရေးအတွက် အမှတ်(၂)သီရိလမ်းကတ္တရာခင်းခြင်း၊အမှတ်(၁၁)ရပ်ကွက်၊ လမ်း၂၀ကို ကတ္တရာခင်းခြင်း၊ မြစ်ခြေဈေးပတ်လမ်းကို ကတ္တရာခင်းခြင်း၊ကမ္ဘ-အောင်ဇေယျလမ်း ကတ္တရာခင်းခြင်း၊ အမှတ်(၁၄)ရပ် တိုးချဲ့ကွက်သစ် သဇင်လမ်းအား ကျောက်ချောလမ်းခင်းခြင်း၊ ခတ္တာလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်း၊ အမှတ်(၇)ရပ်ကွက် တပ်မလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်း၊ ရွှေမုဋ္ဌောဘုရားလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်း၊ မြို့မလမ်းပေါက်ဖာထေးခြင်း၊ မြိုင်လမ်းပေါက်ဖာထေးခြင်း၊ ပြည်တော်သာလမ်းပေါက်ဖာထေးခြင်း၊ ရွှေလမ်းပေါက်ဖာထေးခြင်း၊ ခတ္တာလမ်းပေါက် ဖာထေးခြင်း၊ မြဇရာလမ်း လမ်းပခုံးဖို့ခြင်း၊ တပ်မလမ်း လမ်းပခုံးဖို့ခြင်း၊ မြို့မဈေးလမ်း ကွန်ကရစ်ပတ်လမ်း ပြုလုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။ ထို့ကြောင့် ပခုက္ကူမြို့တွင် လမ်းကြိုလမ်းကြားမကျန် ကတ္တရာလမ်းများဖြင့် ဖွံ့ဖြိုးတိုးတက်နေပြီဖြစ်သည်။

မြို့ပေါ် ရပ်ကွက်များအတွင်း သွားလာရေးလွယ်ကူစေရန်အတွက် အောင်ဇေယျလမ်းပေါ်တွင် ကွန်ကရစ်တံတားတစ်စင်း၊ အမှတ်(၁၂) ပေတော တံတား၊ အမှတ်(၁)ရပ်ကွက် မြို့မလမ်းနှင့် အာသောကလမ်းဆုံ ကွန်ကရစ်တံတား၊ မြတမာဝေါက်ကလပ်ရှေ့ ကွန်ကရစ်တံတား၊ မြဇရာလမ်းသွယ်ကွန်ကရစ်တံတားတို့ကို ဆောက်လုပ်ပေးခဲ့သည်။ မြို့ပြသာယာလှပရေးအတွက် မြကန်သာပန်းခြံအတွင်း အုတ်စီပတ်လမ်းပြုလုပ်ခြင်း၊ ရိပ်သာလမ်းဘေး ဝဲယာပလက်ဖောင်း ပြုလုပ်ခြင်းများ ဆောင်ရွက်ပေးခဲ့သည်။ ထို့အပြင် ရေစီးရေလာကောင်းရေးအတွက် အမှတ်(၂)ရပ်ကွက် တပ်မလမ်း အုတ်ရေမြောင်းဖောက်လုပ်ခြင်း၊ အမှတ်(၂)ရပ်ကွက် သီတာလမ်း အုတ်ရေမြောင်း ဖောက်လုပ်ခြင်း၊ လယ်ပြင်မြောင်း အုတ်ရေမြောင်း ဖောက်လုပ်ခြင်း၊ မြို့မလမ်း အုတ်ရေမြောင်းကို ဂေါက်ကွင်းမှ ပြည်သာယာခန်းမအထိ ဖောက်လုပ်ခြင်းနှင့် ခန်တောရပ်ကွက် အုတ်ရေမြောင်းများ ဖောက်လုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

ထို့အပြင် ကျေးလက်ဖွံ့ဖြိုးရေးအတွက်လည်း အလျားပေ ၃၀၀၀၊ အနံ ၁၂ ပေ၊ ထုခုနစ်လက်မရှိ ပေါင်လောင်ကန်-မကျီးပင်ပုလမ်း၊ ညောင်ပင်လှ-ဖလံအိုလမ်း၊ ကမ္ဘ-ဂေါတမ-မြေပန်တောင်းလမ်း၊ ပခုက္ကူ-ဆိပ်ဖြူလမ်းမကြီးများမှ သရက်တောလမ်းတို့ကို ကျောက်ချောခင်းခြင်း၊ ကူ-ကျတ်ထိုး မြေသားလမ်း၊ ပေါင်လောင်ကန်-ကွမ်းရွာ၊ ကျောက်စရစ်ကန်-ကန်ရပ် မြေသားလမ်း၊ သရက်တော-ကြက်လျှာ မြေသားလမ်းတို့ ဖောက်လုပ်ခြင်း၊ ကျောက်စရစ်ကန်-ကန်ရပ်လမ်းပေါ်တွင် ရေကျော်ပြုလုပ်ခြင်း၊ ပေါင်လောင်ကန်-ကွမ်းရွာလမ်းပေါ်တွင် ကွန်ကရစ်တံတား နှစ်စင်း ဆောက်လုပ်ခြင်း၊ ဗျင်း-ကန်စောက်လမ်း ကျောက်ချောခင်းခြင်း၊ အင်းဝိုင်း-ထန်းတောချောက်လမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့သည်။

အလားတူ ကျေးလက်လမ်းများဖြစ်သော မြစ်ခြေ-စဘေလမ်း၊ ရွှေတန့်တစ်လမ်း၊ ကမ္ဘ-ရေလာ-ထန်းတပင်-အိုရင်းလမ်း၊ကန်ဘော်-ကန်ရပ်လမ်း၊ ရွှေတန့်တစ်-ရွှေဒါးလမ်း၊ အင်းဝိုင်း-ထန်းတော ချောက်လမ်း၊ ပခုက္ကူ-ကုက္ကိုလှ ကျောက်လမ်း၊ ညောင်ပင်လှ-ဖလံအိုလမ်းတို့ကိုလည်း ပြုပြင်ပေးခဲ့သည်။

ပြုပြင်ပေး

ကျေးလက်ရေတွင်းများဖြစ်သော ကျတ်ထိုးကျေးရွာ နှစ်လက်မ စက်ရေတွင်းတူး၊ ချိုင်ကျေးရွာ နှစ်လက်မ စက်ရေတွင်း၊ ပြည့်အိုင်ကျေးရွာ နှစ်လက်မ စက်ရေတွင်းတူးဖော်ခြင်းအပြင် ညောင်လှကျေးရွာ လေးလက်မ စက်ရေတွင်းတွင် လေမှုတ်စက်နှင့် မော်တာတပ်ဆင်ပေးခြင်း၊ မြင်းချိုင်ကျေးရွာ၊ နှစ်လက်မ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းများကို တူးဖော်ပြုပြင်ပေးခဲ့သည်။

မြို့နေပြည်သူများ စိတ်လက်အပန်းပြေစေရေးအတွက် မြကန်သာပန်းခြံ၊ မြို့လယ်တွင် ဗိုလ်ချုပ်ပန်းခြံ၊ လွတ်လပ်ရေးပန်းခြံများ တည်ဆောက်ပေးထားသည်။

တည်ဆောက်

ပခုက္ကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကျေးလက်ပြည်သူများ ဈေးနှုန်းချိုသာစွာဖြင့် နေထိုင်နိုင်ရေးအတွက် ကျေးလက်အိမ်ရာများအဖြစ် တင်းဂါတ်၊ သံပရာကုန်း၊ မြင်းချိုင့်၊ နန်းတော်ရပ်နှင့် ကန်တော်ကျေးရွာများတွင် ကျေးလက်အိမ်ရာခုနစ်လုံးကို တည်ဆောက်ပေးထားသည်။

လှပလာမည်

ပခုက္ကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ပခုက္ကူမြို့ကြီးကို ဧရာဝတီမြစ် အနောက်ဘက်ကမ်းတွင် သာယာလှပသော မြို့ကြီးအဖြစ် တည်ဆောက်နိုင်ရန်အတွက် အစဉ်ကြိုးပမ်း ဆောင်ရွက်လျက်ရှိရာ ပခုက္ကူမြို့ သာယာလှပရေးအတွက် မြို့နေပြည်သူများကလည်း တစ်ဖက်တစ်လမ်းမှ ပါဝင်ကူညီမှသာလျှင် အလျှင်အမြန် ဖွံ့ဖြိုးတိုးတက် သာယာလှပလာမည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ပခုက္ကူမြို့ မြကန်သာပန်းခြံအတွင်း မြေယာရှုခင်းအလှ။

ဖွံ့ဖြိုးစည်ပင် မြန်ပြည်တစ်ခွင်



စစ်တွေမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ သိန်းတန်ကျေးရွာ ကျောက်စီရေတွင်းတည်ဆောက်မှုကို ဇန်နဝါရီ ၈ ရက်က ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးမျိုးကြည် ကွင်းဆင်းစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဝင်းနိုင်နှင့် အင်ဂျင်နီယာမှူး ဦးအောင်သန်းတို့ ရှင်းလင်းပြသစဉ်။ (မြို့နယ်စည်ပင်)

အရာတော်မြို့နယ် ပျော်ပုံကျေးရွာ ကျေးလက်ရေပေးဝေသည့် နှစ်လက်မ စက်ရေတွင်း စက်ကြွံခိုင်မှုကို ဇန်နဝါရီ ၅ ရက်က မြို့နယ် အမှုဆောင်အရာရှိ ဦးခင်မောင်ခနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) မြို့ပြ ဦးကျော်စွာဝင်းတို့ ကွင်းဆင်းကြီးကြပ်စဉ်။ (မြို့နယ်စည်ပင်)

နမ့်စန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်သည့် ခတ္တာလမ်းမြောင်းကူးသံကူကွန်ကရစ်တံတားတည်ဆောက် ခြင်းလုပ်ငန်းကို ဇန်နဝါရီ ၁၀ ရက်က အမှုဆောင်အရာရှိ ဦးမောင်မောင်အေးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးလွင်သက်ပိုင်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ဖျာပုံခရိုင် ဘိုကလေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိသော ဗိုလ်တေဇလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို ဇန်နဝါရီ ၁၀ရက်က လက်ထောက်အင်ဂျင်နီယာ ဦးခင်မောင်စိုး ကြီးကြပ်ဆောင်ရွက်စဉ်။ (၁၃၇)

မိုင်းရှူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့တွင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှုကို ဒီဇင်ဘာ ၂၅ ရက်က ရှမ်းပြည်နယ်(တောင်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မြင့်ဆွေ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအောင်စည်နှင့် တာဝန်ခံလက်ထောက်အင်ဂျင်နီယာ ဦးကျော်မိုးခိုင်တို့ လိုက်လံရှင်းလင်းပြသစဉ်။ (မြို့နယ်စည်ပင်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၀-၁-၂၀၁၁ (ကြာသပတေးနေ့)

နံနက်ပိုင်း

၅:၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+ဓမ္မဂီတသုတ်
၅:၂၀ MRTV-4 သတင်း
၅:၅၀ **သီလ၏အကျိုးအပြစ်နှင့် ခန္ဓာဉာဏ်ရောက် ဒိဋ္ဌိဖြုတ်တရားတော်**(မုံလယ်တောရ ဆရာတော်ဘဒ္ဒန္တသံဝရ)
၆:၄၀ စေတီတို့ရဲ့နောင်တော် တွံတေးရွှေဆံတော်
၆:၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **လောကဝက်ပါ** (အပိုင်း-၁၄၁)
၇:၃၀ MRTV-4 သတင်း
၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၁၀၈)
၈:၄၀ ၂၀၀၉ ခုနှစ် အကယ်ဒမီ အကြိုရှင်ခုန်သံများ
၉:၀၅ အထက(၄)မရမ်းကုန်း၏ နဝမအကြိမ်အာစရိယပူဇော်ပွဲ
၉:၂၀ Activities in the City (Build with Pride Party for Valued Contractors)
၉:၃၀ Science for All သင်နေမယ့်တိုက်ခန်းဟာ ဘယ်လိုတိုက်ခန်းမျိုးဖြစ်သင့်သလဲ (အပိုင်း-၂)(သိပ္ပံစာရေးဆရာ ကိုကိုအောင်၊ကျော်သူလင်း)
၁၀:၀၅ ပန်းပျိုးလက်များ
၁၀:၂၅ ခုခံစွမ်းအားစနစ်ကို မြှင့်တင်နိုင်ဖို့
၁၀:၄၅ အနုပညာရပ်ဝန်းမှ ရှင်ခုန်သံများ (မဟေသီရဲ့ ဂျလေဘီ)
၁၁:၂၀ The Champion of Dance
၁၀:၅၀ သီချင်းကောင်းကောင်း သီချင်းတောင်း
၁၂:၂၀ Activities in the City (မြန်မာနိုင်ငံကျွန်းမာရေးဆိုင်ရာ သုတေသနညီလာခံ)
၁၂:၃၅ **ပုဂံမင်းတည်ခမ္မရောင်ခြည် အိမ်တော်ရာမြတ်စေတီ** ခန့်စည်သူ၊ ဝါးခယ်မရဲမောင်၊ ချစ်စနိုးဦး၊ ပွင့်
၁:၀၀ **သီလ၏အကျိုးအပြစ်နှင့် ခန္ဓာဉာဏ်ရောက် ဒိဋ္ဌိဖြုတ်တရားတော်** (မုံလယ်တောရ ဆရာတော် ဘဒ္ဒန္တသံဝရ)
၁:၄၅ အမ်ဖွာန်ပြည့်မြောက်.... အလိုတော်ပေါက်
၂:၀၀ MRTV-4 သတင်း
၂:၂၀ Wedding Season (ပြေတီဦးနှင့် အိန္ဒြာကျော်ဇင်တို့၏ မင်္ဂလာဆောင်ခံပွဲအခမ်းအနား)
၃:၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **လောကဝက်ပါ** (အပိုင်း-၁၄၁)
၄:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၁၀၈)
၅:၀၀ Wedding Season (ပြေတီဦးနှင့် အိန္ဒြာကျော်ဇင်တို့၏ မင်္ဂလာဆောင်ခံပွဲအခမ်းအနား)
၆:၀၀ MRTV-4 သတင်း
၆:၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **လောကဝက်ပါ** (အပိုင်း-၁၄၂)
၇:၂၅ Style ရှိမှ Star ဖြစ်မယ်
၈:၀၀ MRTV-4 သတင်း
၈:၃၀ Wedding Season (ပြေတီဦးနှင့် အိန္ဒြာကျော်ဇင်တို့၏ မင်္ဂလာဆောင်ခံပွဲအခမ်းအနား)
၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၁၀၉)
၁၀:၁၀ စကားနပန်း **အပေါင်းအသင်းများတာ ကောင်းတယ်၊ အပေါင်းအသင်း မများတာ ကောင်းတယ်**
၁၁:၀၅ Antioxidant နှင့်ပတ်သက်သော အကျိုးအပြစ်များ(ဒေါက်တာခင်မောင်လွင်၊ ဒေါက်တာအေးအေးသော်)
၁၀:၃၅ အနုပညာမိုးကောင်းကင်
၁၁:၅၅ တိုးပွားဆောင်ရွက် နိုင်ငံ့လက် ဖေးကူမွေးမြူတို့အတူ (နွားမွေးမြူရေး)
၁၂:၁၀ ဂီတသရုပ်ပြခန်း (မျိုးဆက်သစ်နှင့် အချစ်)
၁၂:၂၅ အမြင့်သဘင်၏ရုပ်သေးသမစဉ် (အပျိုတော်ခန်းနှင့် ဟိမဝန္တာခန်း)
၁၂:၄၅ သင်ယူလေ့လာဂီတပညာ (Part-6) (II VI Progreesion)
၁၂:၅၅ အဆင့်မီ ရော်ဘာဖူးဆက်ပျိုးပင် ရရှိရေး
၁:၁၀ လေ့လာမြတ်နိုးထိန်းသိမ်းဖို့ရာ ပန်းဆယ်မျိုးပညာ
၁:၃၅ နယည်ဆန်းထွင်ပန်းအလှဆင် (လခြမ်းပုံသဏ္ဌာန် ပန်းအိုးထိုးနည်း)
၁:၅၅ Shooting Location (ဘဝတံခွန်)
၂:၁၀ ဖန်ဆင်းရေးခြယ် လက်ရာအသွယ်သွယ်
၂:၄၅ ကြည့်မြင်တိုင်မျက်မမြင် ကျောင်း၏ လေ့လာမှုနည်းပညာ
၃:၀၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
၄:၀၀ အလှဆင်ပူဇော် ဘုရားမီးရောင်ခြည်တော်
၄:၂၅ ရိုးရာအလုပ်မှာ နီးတောင်းနီးဖျာ
၄:၃၅ ကြည်နူးသာစုခေါ်စေရာ ရှင်စောမြတ်စေတီတော်မှာ
၅:၀၀ အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက် တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မြန်မာနိုင်ငံသစ်တောကျောင်း ကျောင်းဆင်းပွဲကျင်းပ
ဝန်ကြီးဦးသိန်းအောင် သင်တန်းဆင်းအမှာစကားပြောကြား

နေပြည်တော် ဇန်နဝါရီ ၁၉

သစ်တောရေးရာ ဝန်ကြီးဌာန သစ်တောဦးစီးဌာန မြန်မာနိုင်ငံ သစ်တောကျောင်း (၁၀၆)ကြိမ်မြောက် ကျောင်းဆင်းပွဲ စစ်ရေးပြအခမ်းအနားကို ဇန်နဝါရီ ၁၇ ရက် နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့ မြေတိုင်းကျောင်း စစ်ရေးပြကွင်း၌ကျင်းပရာ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီးဦးသိန်းအောင်က ဘက်စုံထူးချွန်ဆုရရှိသူကျောင်းသား အမှတ်(၃) ဦးတေဇာနေမျိုးအောင်၊ ဒုတိယဘက်စုံထူးချွန်ဆုရရှိသူ ကျောင်းသား အမှတ်(၂၀) ဦးသိန်းဦး၊ စာပေထူးချွန်ဆုရ ကျောင်းသား အမှတ်(၆) ဦးမင်းမင်းဆန်း၊ လက်တွေ့ထူးချွန်ဆုရ ကျောင်းသား အမှတ်(၂၀) ဦးသိန်းဦးနှင့် စစ်ရေးပြအကောင်းဆုံး တပ်ခွဲဆုရ တပ်ခွဲအမှတ်(၃) တပ်ခွဲမှူးတို့အား ဆုများပေးအပ်ချီးမြှင့်၍ သင်တန်းဆင်း အမှာစကားပြောကြားသည်။

ယင်းနောက် ကျောင်းဆင်းအောင်လက်မှတ် ချီးမြှင့်ပွဲအခမ်းအနားကို မြန်မာနိုင်ငံသစ်တောကျောင်း ကျွန်းရတနာခန်းမ၌ ဆက်လက်ကျင်းပရာ ဝန်ကြီးက အမှာစကားပြောကြားသည်။

ဆုချီးမြှင့်

ထို့နောက် သစ်တောရေးရာ ဝန်ကြီးဌာန စီမံကိန်းနှင့် စာရင်းအင်း ဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးစန်းလွင်၊ မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထွန်းနှင့် သစ်တောဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးအေးမြင့်မောင်တို့က အဆင့်(၁)မှ (၁၀)အထိ ရရှိသော သင်တန်းသားများအား ဆုများပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ သစ်တောတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမြင့်ဦးနှင့် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးငွေအောင်တို့က ဘာသာရပ်လေးခုနှင့် ဘာသာရပ်အလိုက် ထူးချွန်ဆုရရှိသော သင်တန်းသားများ၊ အားကစားထူးချွန်ဆုရရှိသော သင်တန်းသားတို့အားဆုများပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် သစ်တောသယံဇာတ ပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထိန်းသိမ်းရေးအသင်း(FREDA) ဒုတိယ ဥက္ကဋ္ဌဦးအုန်းက အဆင့်(၁) ရရှိသော သင်တန်းသားအား ရွှေတံဆိပ်ဆုကိုလည်းကောင်း၊ ရွှေသပြေကုမ္ပဏီမှ ဦးသိန်းဝင်းက ထူးချွန်ဆုရရှိသော သင်တန်းသားသုံးဦးအား ရွှေတံဆိပ်ဆုများကိုလည်းကောင်း၊ တင်ဝင်းထွန်းကုမ္ပဏီမှ ဦးတင်ဝင်းက ထူးချွန်ဆုရရှိသော သင်တန်းသားသုံးဦးအား ငွေသားဆု ငွေကျပ် ၁၀သိန်းကို လည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ အခမ်းအနားသို့ တက်ရောက်လာကြသော မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များကိုယ်စား အတွင်းရေးမှူး ဒေါက်တာမျိုးသန့်က မြန်မာနိုင်ငံသစ်တောကျောင်း ဖွံ့ဖြိုးရေး ရန်ပုံငွေအတွက် အလှူငွေကျပ် ၁၇သိန်းနှင့် မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်းကိုယ်စားအလုပ်အမှုဆောင် ဦးမိုးသော်က မြန်မာနိုင်ငံသစ်တောကျောင်း ရန်ပုံငွေအတွက် အလှူငွေကျပ် ၁၀သိန်း၊ အေးရှားဂရင်းကုမ္ပဏီလီမိတက် အုပ်ချုပ်မှုဒါရိုက်တာက မြန်မာနိုင်ငံ သစ်တောကျောင်း ငွေပဒေသာပင်အတွက် အလှူငွေကျပ် သိန်း၂၀၊ သစ်တောတက္ကသိုလ်အတွက် အလှူငွေကျပ် ၁၀ သိန်း၊ မြန်မာ့သစ်လုပ်ငန်းလေ့ကျင့်ရေးသင်တန်း ကျောင်း အမှတ်(၁) နန်ချွန်အတွက် အလှူငွေကျပ် ၁၀ သိန်း၊ သင်တန်းကျောင်း အမှတ်(၂) ပျဉ်းမနားအတွက် ငွေကျပ် ၁၀သိန်း၊ ဆင်ဝန်ထမ်းများ လူမှုဘဝမြှင့်တင်ရေးအတွက် အလှူငွေကျပ် သိန်း ၂၀၊ ဆင်ဆေးဝါးများအတွက် အလှူငွေကျပ် သိန်း ၃၀ စုစုပေါင်း အလှူငွေကျပ် သိန်း ၇၀ ကိုပေးအပ်လှူဒါန်းကြသည်။ ထို့နောက် မြန်မာနိုင်ငံ သစ်တောကျောင်း ကျောင်းအုပ်ကြီးက ကျောင်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။**(သတင်းစဉ်)**

ထူးချွန်ဆု ပေးအပ်ချီးမြှင့်

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းအောင် သစ်တောဦးစီးဌာန မြန်မာနိုင်ငံ သစ်တောကျောင်း (၁၀၆) ကြိမ်မြောက် ကျောင်းဆင်းပွဲ စစ်ရေးပြအခမ်းအနားတွင် ထူးချွန်ဆုရရှိသူများအား ဆုပေးအပ်ချီးမြှင့်စဉ်။

(သတင်းစဉ်)

WISE မှ Research Method နှင့် Techniques သင်တန်းဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၁၉

WISE International School for Executive က ကြီးမှူး၍ (Certificate in Research Methodology for Business) စီးပွားရေးလုပ်ငန်းများအတွက် စီမံခန့်ခွဲမှုများ၊ ဈေးကွက်များ ပိုမိုကောင်းမွန်စွာ အလုပ်လုပ်ကိုင်နိုင်စေရန် လက်တွေ့အသုံးချ Research Method နှင့် Techniques သင်တန်းကို ဇန်နဝါရီ ၂၁ ရက်(သောကြာနေ့)တွင် ထပ်မံဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းကာလမှာ ၁၀ရက်ဖြစ်၍ ညနေ ၅ နာရီခွဲမှ ည ၇နာရီခွဲအထိ နာရီ ၂၀ သင်ကြားပေးမည်ဖြစ်သည်။

ဖွင့်လှစ်သင်ကြားမည်

Business, Enterprise, Marketing, Advertising, Promotion နှင့် Survey အစရှိသည်တို့ကို ဆောင်ရွက်ရာတွင် Research & Development Methody Techniques များ အသုံးချသည့် နည်းလမ်းများစွာနှင့် အဆင့်တို့ကို နိုင်ငံတကာတွင် အသုံးပြုသော Methody များ တတ်မြောက်အသုံးချနိုင်စေရန်အတွက် အထူးဖွင့်လှစ်သင်ကြားပေးသွားမည်။

Business Owner များ၊ Management Executives, Admin Manager, HR Manager, BDM, Marketing Manager, Project Manager, Research & Development Manager စီးပွားရေး စတင်လုပ်ကိုင်ရန် ပြင်ဆင်နေသူများနှင့် စိတ်ပါဝင်စားသူများ အထူးတက်ရောက်သင့်ပြီး Workgroup, Presentation များလုပ်ခြင်း၊ Group Discussion များ၊ Brain Storming Section Practical Project များ စသည့် သင်တန်းများအခြေပြု သင်ကြားမှုပုံစံများနှင့် အတွေ့အကြုံရှိ ဝါရင့်ဆရာမကြီးက အထူးသင်ကြား ဆွေးနွေးသွားမည်။

ဆက်သွယ်စုံစမ်းနိုင်

သင်တန်းကြေးမှာ ငွေကျပ် ၅၀၀၀၀ ဖြစ်ပြီး Member များအား သင်တန်းကြေး ၄၀ ရာခိုင်နှုန်းလျှော့၍ ခံစားခွင့်ပေးမည်။ စိတ်ပါဝင်စားသူများနှင့် တက်ရောက်လိုသူများသည် အသေးစိတ် အချက်အလက်များကို WISE International School for Executive အခန်းအမှတ် ၁၀၀၉၊ ၁၀ထပ် ယုဇနတာဝါ ကမ္ဘာအေးစေတီလမ်းနှင့် ရွှေဂုံတိုင်လမ်းဆုံ ဗဟန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၅၅၆၁၈၃ နှင့် ၀၉-၅၁၅၇၀၃၂ နှင့် ဆက်သွယ်စုံစမ်းကာ ကြိုတင်စာရင်းပေးနိုင်ကြောင်း၊ Member ဝင်လိုသူများသည် WISE International School for Executive သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းနှင့် WISE International School for Executive တွင် လစဉ် Management သင်တန်းများ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ထားဝယ်ကွန်ပျူတာတက္ကသိုလ် သွေးလှူဒါန်းပွဲကျင်းပ

ထားဝယ် ဇန်နဝါရီ ၁၉

ထားဝယ်ကွန်ပျူတာတက္ကသိုလ် ကျောင်းအုပ်ကြီး ဒေါက်တာခင်အေးသန်း၏ ကြီးကြပ်မှုဖြင့် ထားဝယ်ကွန်ပျူတာတက္ကသိုလ် ၂၀၁၀-၂၀၁၁ ပညာသင်နှစ်မှ ကျောင်းသူ ကျောင်းသား ၅၀ ဒုတိယအကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲကို ဇန်နဝါရီ ၁၄ရက် နံနက် ၉ နာရီက ထားဝယ်ကွန်ပျူတာတက္ကသိုလ်တွင် ကျင်းပရာ ထားဝယ် အထွေထွေရောဂါကုဆေးရုံကြီးမှ ကျန်းမာရေးဝန်ထမ်းများက စနစ်တကျ သွေးအလှူခံ ရယူခဲ့ကြသည်။ (ဝဲပုံ)

ကြည့်ရှုအားပေး

အဆိုပါ သွေးလှူဒါန်းကြသော ကျောင်းသား ကျောင်းသူများအား ထားဝယ်မြို့ အထွေထွေရောဂါကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာဇော်ထွန်း၊ ကွန်ပျူတာတက္ကသိုလ်(ထားဝယ်) ကျောင်းအုပ်ကြီး ဒေါက်တာခင်အေးသန်း၊ ဆရာ ဆရာမများနှင့် ကျန်းမာရေးဝန်ထမ်းများက ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

နိုင်ငံတကာအားကစား နိုင်ငံတကာအားကစား နိုင်ငံတကာအားကစား နိုင်ငံတကာအားကစား

ရော်လ်ကေးကွင်းလယ်ကစားသမား ဘလက်ဘန်း ခြောက်လအငှားစာချုပ်

လန်ဒန် ဇန်နဝါရီ ၁၉

ဂျာမန်ဘွန်ဒက်စ်လီဂါ ကလပ်ရော်လ်ကေးအသင်းမှ ကွင်းလယ်ကစားသမား ဂျာမိန်းဂျုံးစ်အား ခြောက်လအငှားစာချုပ်ဖြင့် ဘလက်ဘန်းအသင်းက ခေါ်ယူလိုက်သည်။

အသက် ၂၉နှစ်ရှိ အမေရိကန်ကစားသမားဂျုံးစ်သည် တိုက်စစ်မှူး ဆန်တာခရုစ် ဘလက်ဘန်းသို့ရောက်ရှိလာပြီးနောက် ရောက်ရှိလာခြင်းဖြစ်သည်။

ဂျာမိန်းဂျုံးစ်

အဓိကအားထား

၎င်းသည် ၂၀၀၇ခုနှစ် ဇူလိုင်လက အန်ဒါလက်ချ်မှ ထွက်ခွာလာပြီး ရော်လ်ကေးအသင်းသို့ ရောက်ရှိခဲ့ခြင်းဖြစ်သည်။ ဂျုံးစ်သည် ရော်လ်ကေးအသင်းတွင် အဓိကအားထားရသော ကွင်းလယ်ကစားသမား တစ်ဦးဖြစ်သည်။

(အင်တာနက်)

စတီဗင်ဂျရတ်

နည်းပြဒယ်ဂလစ်အား လီဗာပူးအမြဲတမ်းခေါ်ယူလို

လန်ဒန် ဇန်နဝါရီ ၁၉

လီဗာပူးအသင်းတွင် နည်းပြအဖြစ် ယာယီတာဝန်ထမ်းဆောင်နေသော ကင်နီဒယ်ဂလစ်အား အမြဲတမ်းနည်းပြအဖြစ် တာဝန်ထမ်းဆောင်စေလိုကြောင်း လီဗာပူးအသင်းခေါင်းဆောင် စတီဗင်ဂျရတ်က ပြောကြားလိုက်သည်။

အသက် ၅၉နှစ်ရှိ ဒယ်ဂလစ်သည် ယခုလဆန်းပိုင်းက နည်းပြရှိုင်းဟော့ဆင်ထွက်သွားပြီးနောက် ဒယ်ဂလစ်က ရာသီကုန်သည်အထိ လီဗာပူးနည်းပြလုပ်ရန် တာဝန်ယူထားသည်။ **(အင်တာနက်)**

မြင့်မောင်စိုး စုစည်းသည်

အဲဗာတန် ကွင်းလယ်ကစားသမား ပီယင်နာ စပါးခေါ်ယူ စာချုပ်ရန်သဘောတူ

လန်ဒန် ဇန်နဝါရီ ၁၉

တောင်အာဖရိက ကွင်းလယ်ကစားသမား စတီဗင်ပီယင်နာအား အဲဗာတန်က စပါးနှင့် ပြောင်းရွှေ့ကြေး သဘောတူလိုက်သည်။ အသက် ၂၈နှစ်ရှိ ပီယင်နာအား ချယ်လ်ဆီးကခေါ်ယူရန် ကမ်းလှမ်းမှုကို လက်ခံခဲ့ပြီးနောက် စပါးက အဲဗာတန်မှခေါ်ယူရန် သဘောတူလိုက်ခြင်းဖြစ်သည်။

အေးဂျက်စ်ကစားသမားဟောင်း ပီယင်နာအား ၂၀၀၇ခုနှစ်က အဲဗာတန်က အငှားခေါ်ယူခဲ့ပြီးနောက် ၂၀၀၈ ခုနှစ်တွင် အမြဲတမ်းစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

(အင်တာနက်)

စတီဗင်ပီယင်နာ။

မေမေသို့ မွေးနေ့ဆုတောင်း

ချစ်မေမေ "ဖြူ" ရေ…

သားကို လိမ္မာပြီး ဘဝမှာ ပညာ၊ စီးပွား အစစအရာရာပြည့်စုံအောင် ဆုံးမသွန်သင်ပေးတဲ့အတွက် ကျေးဇူးပါမေမေ၊ ၂၀-၁-၂၀၁၁ရက်မှာကျရောက်တဲ့ မေမေ့မွေးနေ့မှာ ပျော်ရွှင်နိုင်ပါစေ၊ ယခုထက်မက ဆတက်ထမ်းပိုး ကျန်းမာချမ်းသာစွာနဲ့ နိုင်ငံ့အကျိုး၊ သာသနာ့အကျိုးကို မေမေ့ကိုချစ်တဲ့ ဖေဖေနဲ့အတူ သယ်ပိုးနိုင်ပါစေ-

တစ်ဦးတည်းသော သားကြီး
ဖိုးသား။

မွေးနေ့မင်္ဂလာဆုတောင်း

အေးမြသောမေတ္တာဖြင့် သားသမီးရင်းနှင့်မခြား ပြုစုစောင့်ရှောက်ပေးသော အချစ်ဆုံး **မာမေး**၏ ၂၀-၁-၂၀၁၁ရက်တွင်ကျရောက်သော မွေးနေ့မှသည် နှောင်နှစ်ပေါင်းများစွာတိုင် စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာစွာဖြင့် လောကီ၊ လောကုတ္တရာ နှစ်ဖြာသောအကျိုးကို ထမ်းဆောင်ပြီး ပိုမိုဖြောင့်ဖြူးသော ဘဝလမ်းခရီးကို မာမေးချစ်သော မိသားစုနှင့်အတူ ပျော်ရွှင်စွာ လျှောက်လှမ်းနိုင်ပါစေ-

ချစ်သောတူ၊ တူမများ
သားသား-စုစု၊ အောင်သက်ဦး-မီးမီး၊
ငြိမ်းချမ်း၊ မွေးမွေး၊ ဂျဲဂျဲ၊ ကဲကဲ၊ ကုကု။

ဖော်တော်ယာဉ်မှတ်ပုံတင်လျှောက်ထားခြင်း

ယာဉ်အမှတ် မက/၁၃၂၉၇ ကမ်တို KB-110ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဒေါ်တင်ဝင်း ၈/မဘန (နိုင်) ၀၁၁၈၃၁ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မင်းဘူး)။

ပညာရေးစုံညီပွဲတော်ကျင်းပ

မူဆယ် ဇန်နဝါရီ ၁၉

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့နယ်၏ ၂၀၁၁ခုနှစ် ပညာရေးစုံညီပွဲတော်ကို မူဆယ်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ဇန်နဝါရီ ၃ရက် နံနက် ၈ နာရီက ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမိုးဟိန်းနှင့် မြို့နယ်ပညာရေးမှူး ဒေါ်ဂျနက်နန်ပရီတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး၂၀၁၀-၂၀၁၁ ပညာသင်နှစ်တွင် ထူးချွန်ဆုရရှိသူ ကျောင်းသား ကျောင်းသူ ၂၁၇ ဦးတို့အား ဆုများချီးမြှင့်ကြကြောင်းသိရှိရသည်။

(ခရိုင် ပြန်/ဆက်)

အလံဖြူလေးနှင့်ကျွန်ုပ်၏ ဘာသာပြန်စာအုပ်ထွက်ရှိ

ရန်ကုန် ဇန်နဝါရီ ၁၉

အိုကီနာဝါကျွန်းသူ တိုမီကိုဟိဂ ရေးသားသည့် The girl with the white flag အား ဉာဏ်လင်းတင့် ဘာသာပြန်ဆိုသည့် အလံဖြူလေးနှင့်ကျွန်မစာအုပ်ကို ဖူဂျီယာမစာအုပ်တိုက်က ဒုတိယအကြိမ် ထုတ်ဝေဖြန့်ချိလိုက်သည်။

ပေးစွမ်းနိုင်

ယင်းစာအုပ်ကို ၂၀၀၃ခုနှစ်က ပထမအကြိမ်ထုတ်ဝေခဲ့ပြီး စာရေးသူ တိုမီကိုဟိဂ၏ ခြောက်နှစ်သမီးအရွယ်က တွေ့ကြုံခဲ့သည့် စစ်အတွင်းမှ တုန်လှုပ်ချောက်ချားဖွယ် အဖြစ်အပျက်ကို ပြန်လည်ရေးပြထားခြင်းဖြစ်ကြောင်း၊ ငယ်စဉ်က အတွေ့အကြုံဟောင်းများကို ပြန်ပြောချင်စိတ်မရှိ၍ ခင်ပွန်းသည်ကိုပင် မပြောပြဘဲ ရေငုံနှုတ်ပိတ်နေခဲ့ရာမှ မီဒီယာများတွင် ၎င်း၏ အလံဖြူကိုင်ထားသော ငယ်စဉ်က ဓာတ်ပုံကို မိမိတို့ထင်ရာ ဝေဖန်ရေးသားကြသဖြင့်သာ အဖြစ်မှန်ကို ဖော်ထုတ်ရေးသားခဲ့ခြင်းဖြစ်ကြောင်း၊ စိတ်ဝင်စားဖွယ်၊ ရင်နင့်ဖွယ်၊ ကြည်နူးဖွယ် ခံစားမှုပေါင်းစုံကို ပေးစွမ်းနိုင်သည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်ကြောင်း သိရသည်။

မှာယူနိုင်

စာအုပ်မှာယူလိုပါက ဖူဂျီယာမ စာအုပ်တိုက် အမှတ်(၇၂) တာဝတိံသာလမ်း ပုဇွန်တောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၇၂၀၃၇၅နှင့် ၀၉-၅၀၇၈၄၀၆ တို့သို့ဆက်သွယ်မှာယူနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ဆုချီးမြှင့်

ဇန်နဝါရီ ၄ ရက်က ကော့သောင်းမြို့၌ ကျင်းပသည့် (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် စံပြမိခင်ပြိုင်ပွဲနှင့် ကလေးပြိုင်ပွဲတွင် ဆုရရှိသူတစ်ဦးအား မိခင်နှင့်ကလေးကျန်းမာရေးဌာနမှ တာဝန်ခံဆရာဝန် ဒေါက်တာလှိုင်လှိုင်ဌေးက ဆုချီးမြှင့်စဉ်။ (မြို့နယ် ပြန်/ဆက်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၀-၁-၂၀၁၁ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော်ဟောကြားတော်မူသောညပွါတသုတ္တံပါဠိတော်
၇:၃၀	၂။	နံနက်ခင်းသတင်း
၇:၄၀	၃။	အင်္ဂဇေယမင်္ဂလံ (ယဉ်ဝေယံထွန်း၊တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
၇:၅၀	၄။	သံသာချိုအေးမင်္ဂလာတေး
၈:၀၅	၅။	အကပဒေသာ
၈:၁၅	၆။	**ကောင်းခြင်းဝေဖြာ**
၈:၃၀	၇။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈:၄၀	၈။	International News
၈:၄၅	၉။	တေးဂီတအစီအစဉ်

ညပိုင်း

၃:၃၀	၁။	Myanmar National League MNL Grand Royal Cup (2011) ဘောလုံးပြိုင်ပွဲထုတ်လွှင့်မှုအစီအစဉ် (ရက္ခပူရယူနိုက်တက်အသင်းနှင့်ရတနာပုံFCအသင်း
၅:၀၀	၂။	တေးဂီတအစီအစဉ်
၅:၁၀	၃။	အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ်(အထူးပြုအားလုံး) (အင်္ဂလိပ်စာ)
၅:၂၅	၄။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၅:၃၀	၅။	ချစ်စရာ့အရွယ်ကကြိုးသွယ်
၅:၄၅	၆။	**သိပ္ပံနှင့်သဘာဝပတ်ဝန်းကျင် (Conserve)**
၆:၀၀	၇။	ညနေခင်းသတင်း
၆:၁၅	၈။	မိုးလေဝသအခြေအနေ
၆:၂၀	၉။	အနုပညာကြေးမုံတစ်ချပ်ကိုခံစားကြည့်ခြင်း
		(အလင်္ကာကျော်စွာ ဆရာမြို့မငြိမ်း၏သီချင်းများ
၆:၄၀	၁၀။	ထူးဆန်းထွေလာများကို သိပ္ပံဖြင့်ချဉ်းကပ်ခြင်း
၇:၀၀	၁၁။	နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်သူ့နှယ်နိမိတ်** (ဒုတိယတွဲ)(အပိုင်း-၃)
၈:၀၀	၁၂။	ပြည်တွင်းသတင်း
	၁၃။	နိုင်ငံတကာသတင်းများ
	၁၄။	မိုးလေဝသအခြေအနေ
	၁၅။	**အစာလည်းဆေး၊ ဆေးလည်းအစာ** (အပိုင်း-၁၀)
	၁၆။	နိုင်ငံခြားဇာတ်လမ်းတွဲ **စိတ်ကူးနဲ့ကြမ္မာ**(အပိုင်း-၂၀)
	၁၇။	နိုင်ငံခြားဇာတ်လမ်းတွဲ **သစ္စာလွှမ်းသောမေတ္တာ** (အပိုင်း-၂၉)

ကျောက်ဆည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ကျောက်ဆောက်ကလေးကျေးလက်တံတားဆောက်လုပ်ပြီးစီးမှုကို ဒီဇင်ဘာ ၂၅ရက်က အမှုဆောင်အရာရှိ ဦးမျိုးသိန်း ကြီးကြပ်စဉ်။
(မြို့နယ်စည်ပင်)

သီပေါမြို့နယ် ဟိုမော်ရွာမှ လူကုန်ကူးသည့် လင်မယားအပေါ် ပြစ်ဒဏ်ချမှတ် လူကုန်ကူးခံရသူနှစ်ဦးအား နစ်နာမှုလျော်ကြေးပေးအပ်ခဲ့

နေပြည်တော် ဇန်နဝါရီ ၁၉

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် သီပေါမြို့နယ် ဟိုမော်ရွာသား ဦးဆံကောနှင့် ဇနီး မနန်းလီတို့သည် ၂၀၀၉ခုနှစ် အောက်တိုဘာ ၂၄ ရက်တွင် မ----(၁၃)နှစ်နှင့် မ----(၁၅)နှစ်တို့အား သီပေါမြို့ ဟိုခိုကျေးရွာနေ မခမ်းအောင်ထံ ငွေကျပ် ၂၄ သိန်းဖြင့် ရောင်းစားခဲ့ကြောင်း၊ အဆိုပါ အမျိုးသမီးငယ်နှစ်ဦးအား မခမ်းအောင်က တရုတ်နယ်စပ်ကျေးရွာ ဟူကျင့်၌ ရောင်းချရန် စီစဉ်နေစဉ် တရုတ်နိုင်ငံရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့ပြီး လူကုန်ကူးခံရသူနှစ်ဦးအား ပြန်လည်လွှဲပြောင်းပေးခဲ့ကြောင်း သိရသည်။

အမိန့်ချမှတ်

အဆိုပါ လူကုန်ကူးမှုကို ကျောက်မဲခရိုင် တရားရုံးက အမှုဖွင့်စစ်ဆေးပြီး တရားခံ ဦးဆံကောအား အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၁၂ နှစ်၊ ဇနီး မနန်းလီအား အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၁၀နှစ်၊ အမျိုးသမီးငယ်နှစ်ဦးအား ဝယ်ယူခဲ့သူ မခမ်းအောင်အား အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၁၂ နှစ် ကျခံရန် ၂၀၁၀ ခုနှစ် ဇူလိုင် ၂၁ ရက်တွင် အမိန့်ချမှတ်ခဲ့သည်။

ထို့အပြင် နစ်နာသူ လူကုန်ကူးခံရသူ အမျိုးသမီးငယ်နှစ်ဦးတို့အား အမှုတွင် တရားခံများထံမှ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသော ငွေကျပ် ၁၅၀၆၀၀၀ တန်ဖိုးရှိရွှေထည်များကို နစ်နာမှု လျော်ကြေးအဖြစ်ပေးအပ်သည့် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

နစ်နာကြေးပေးနိုင်

လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေကို ၂၀၀၅ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပြီး ယင်းဥပဒေပုဒ်မ(၃၃)အရ နစ်နာသည့် လူကုန်ကူးခံရသူများအား အဆိုပါအမှုတွင် ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသော ငွေကြေး၊ ပစ္စည်းမှ နစ်နာကြေးပေးနိုင်ကြောင်း ပြဋ္ဌာန်းချက်အရ ပထမဆုံးအကြိမ်ပေးအပ်ခြင်း ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

၂၀၁၀-၂၀၁၁ခုနှစ် ဘိန်းစိုက်ရာသီအတွင်း ဘိန်းခင်းစုစုပေါင်း ၁၀၁၁၇ ဒသမ ၆ ဧက ဖျက်ဆီးနိုင်ခဲ့

နေပြည်တော် ဇန်နဝါရီ ၁၉

၂၀၁၀-၂၀၁၁ခုနှစ် ဘိန်းစိုက်ရာသီအတွင်း ဘိန်းခင်းများရှာဖွေဖျက်ဆီးလျက်ရှိရာ ၂၀၁၀ ခုနှစ် စက်တင်ဘာ ၁ ရက်မှ ၂၀၁၁ခုနှစ် ဇန်နဝါရီ ၆ ရက်အထိ ပြည်နယ်၊ တိုင်းဒေသကြီးများအလိုက် ဘိန်းခင်း ၉၁၄၄ ဒသမ ၄၁ ဧက ဖျက်ဆီးနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ဇန်နဝါရီ ၇ ရက်မှ ၁၃ ရက်အတွင်း ဘိန်းခင်း ၉၇၃ ဒသမ ၁၉ ဧက ထပ်မံဖျက်ဆီးနိုင်ခဲ့သဖြင့် စုစုပေါင်းဘိန်းခင်း ဖျက်ဆီးနိုင်မှုမှာ ၁၀၁၁၇ ဒသမ ၆ ဧကရှိသွားပြီဖြစ်ကြောင်း သိရှိရသည်။

ထပ်မံဖျက်ဆီးနိုင်ခဲ့သည့် ဘိန်းခင်း ၉၇၃ ဒသမ ၁၉ ဧကအနက် ရှမ်းပြည်နယ်(တောင်ပိုင်း) ကွန်ဟိန်းမြို့နယ်၊ ပင်လောင်းမြို့နယ်၊ ဆီဆိုင်မြို့နယ်၊ ဖယ်ခုံမြို့နယ်နှင့် ဟိုပုံးမြို့နယ်အတွင်းမှ ၄၁၉ ဒသမ ၇၅ ဧက၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)မိုင်းတုံမြို့နယ်၊ မိုင်းခတ်မြို့နယ်၊ မိုင်းပျင်းမြို့နယ်နှင့် ကျိုင်းတုံမြို့နယ်အတွင်းမှ ၂၀၂ ဒသမ ၅ ဧက၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ်၊ ကွမ်းလုံမြို့နယ်၊ လားရှိုးမြို့နယ်၊ ကွတ်ခိုင်မြို့နယ်၊ နမ့်ခမ်းမြို့နယ်နှင့် မန်တုံမြို့နယ်အတွင်းမှ ၂၅၃ ဒသမ ၈၄ဧက၊ မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့နယ်အတွင်းမှ ၉၇ ဧကတို့ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန
နေပြည်တော်

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံပညာရေး သုတေသနအဖွဲ့ ဦးစီးဌာနတို့ပူးပေါင်း၍ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသူ၊ ကျောင်းသားများအတွက် စာမေးပွဲ အထောက်အကူပြု သိမှတ်ဖွယ်ရာ ရူပဗေဒဘာသာသင်ခန်းစာကို ဖော်ပြလိုက်ပါသည်။

တက္ကသိုလ်ဝင် စာမေးပွဲ
သိမှတ်ဖွယ်ရာ ရူပဗေဒဘာသာ

မင်္ဂလာပါ၊ ဆရာမအနေနဲ့ ၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု ရူပဗေဒဘာသာရပ်ဆိုင်ရာ သိမှတ်ဖွယ်ရာများကို ရူပဗေဒဘာသာရပ်မေးခွန်းလွှာကို အခြေခံ၍ ဆွေးနွေးပါမယ်။

တက္ကသိုလ်ဝင်စာမေးပွဲမေးခွန်းရဲ့ SECTION (A) မှာ မေးခွန်းနံပါတ်(၁)မှ မေးခွန်းနံပါတ် (၉)အထိ Answer **ALL** Questions ဖြစ်တဲ့အတွက် အားလုံးဖြေဆိုရမည်ဖြစ်ပြီး No.9 မှာ (or)ခံထားပါတယ်။ (၄)မှတ်တန် (၉)ပုဒ် စုစုပေါင်း(၃၆) မှတ်ပါ။ No.1 မှာ Fill in the blanks (၄)ခု၊ No.2 မှာ True (or) False (၄) ခုတို့ ပါဝင်ပါတယ်။ SECTION (B) မှာ Answer any **FOUR** Questions ဖြစ်တဲ့အတွက် No.10 မှ No.15 အထိ(၆)ပုဒ်ထဲမှ(၄)ပုဒ်ကိုသာ ဖြေဆိုရမှာဖြစ်ပါတယ်။ No.15 မှာ (or) ခံထားပါတယ်။ SECTION (B) မှာတော့ တစ်ပုဒ်(၁၆)မှတ်နဲ့ စုစုပေါင်း (၆၄)မှတ်ဖိုး ဖြေရမှာပါ။ ဒါ့အပြင် SECTION (B) မှာ အပုဒ်တိုင်းကို (a) နှင့် (b) ထပ်မံခွဲခြားထားပါတယ်။

သင်ခန်းစာအပိုင်းလိုက် ခွဲခြားထားတာကတော့ Mechanics, Heat, Waves and sound, Optics, Electricity and Magnetism နဲ့ Modern Physics ဖြစ်ပါတယ်။ သက်ဆိုင်ရာအပိုင်းလိုက်တွင် အခန်းတစ်ခုစီအလိုက် Laws, Definition, Formula, Diagram, Units, Example, Question and Problem တွေအားလုံးကို လေ့လာထားစေလိုပါတယ်။

ကွက်လပ်ဖြည့်မေးခွန်း၊ မှား/မှန် မေးခွန်းများအတွက် အဖြေမှန်ရရန် ပြဋ္ဌာန်းစာအုပ်ကို သင်ရိုးကျေညက်အောင် ဖတ်ရှုလေ့လာမှတ်သားရန်လိုပါတယ်။

Fill in the blanks. တွင် နမူနာဖြေဆိုပြပါမယ်။

Q. The liquid pressure is directly proportional to the height of the liquid column and the ....

Ans. density

အရည်ထဲရှိဖိအားသည်liquid column ၏ အမြင့် h နဲ့ density ρ ပေါ်မှာ တိုက်ရိုက်မှီခိုပါတယ်။ အဖြေက density ဖြစ်ပါတယ်။

Are the following statements True (OR) False? တွင် နမူနာဖြေဆိုပြပါမယ်။

Q. Archimedes' principle is true only for liquids.

Ans. False

Archimedes' principle သည် liquids နဲ့ gas အတွက်သုံးပြုနိုင်ပါတယ်။

အဖြေက False ဖြစ်ပါတယ်။

လေ့လာရာမှာ သိထားသင့်တာကတော့ ပထမအချက်က Theory ဖြေဆိုမှုအပိုင်းမှာ Laws, definition များတွင် အပိုင်းလိုက်အမှတ်ခွဲဝေပေးပါတယ်။ စာသားဖြင့် အဓိပ္ပာယ်ဖွင့်ဆိုချက်ကို အဓိကထားရေးမှ ပြည့်စုံပါမယ်။

Q. Using Snell's law, define the refractive index in words and in symbols.

Ans Snell's law ကိုသုံးပြီး refractive index ကို စာသားနဲ့ရော သင်္ကေတနဲ့ပါ ရေးခိုင်းတာပါ။The ratio of the sine of the angle of incidence to the sine of the angle of refraction is always a constant. That constant is the refractive index of the medium through which the refracted ray passes.

In symbols, $$n = \frac{\sin i}{\sin r}$$

n = the refractive index of the medium through which the refracted ray passes,
i = the angle of incidence, r = the angle of refraction

စာနဲ့သာဖြေထားရင် စာအတွက်အမှတ်သာရပါမယ်။ symbols သာဖြေခဲ့ရင်လည်း symbols အတွက်ပေးမှတ်သာရပါမယ်။ symbols နဲ့ဖြေတဲ့အခါတစ်ခုချင်းကို ရှင်းပြဖို့လိုအပ်ပါတယ်။

Q. State Joule's law of electricity and heat.

Ans မေးခွန်းက Joule's law of electricity and heat ကိုဖော်ပြခိုင်းတာပါ။

အဖြေက The amount of heat produced in a resistor due to a current flowing through it is directly proportional to the square of the current, the value of resistance and the time taken by the current to pass through the resistor.

$$H = \frac{I^2 R t}{J}$$

where H = amount of heat produced, I = current, R = resistance, t = time,
J = a constant called Joule's mechanical equivalent of heat

ဒုတိယအချက်က Problems ဖြေရှင်းမှုတွင် ပေးထားချက်များချရေးမှုကိုလည်း အမှတ်ပေးပါတယ်။ နောက်ဆုံးရလဒ်အဖြေတွင် ယူနစ်များအတွက် အမှတ်သီးသန့်ခွဲခြားပေးထားပါတယ်။ တွက်နည်းမတူဘဲတွက်ပါက မှန်ကန်သောနည်းဖြင့်တွက်လျှင်လည်း အဆင့်အလိုက် အမှတ်ပြည့်ပေးပါတယ်။

Q. The area of each plate of a parallel-plate capacitor is 4 m^2 and the distance between two plates is 5 mm. If the dielectric constant of the material inserted between them is 2, find the capacitance of the parallel-plate capacitor. ($\varepsilon_0 = 8.85 \times 10^{-12}\ C^2\ N^{-1}\ m^{-2}$)

Ans Parallel plate capacitor တစ်ခုရဲ့ area = A = 4 m^2

distance between two plates $= d = 5\text{mm} = 5 \times 10^{-3}$ m

d = 5 mm ကို m အဖြစ် unit ပြောင်းရပါမယ်။ unit မပြောင်းဘဲတွက်ခဲ့ရင် အဖြေမှန်မရပါ။ အမှတ်ပြည့် မရတော့ပါ။ dielectric constant = κ = 2 ပေးထားပြီး capacitance (C) ကို မေးထားတာပါ။ အဖြေက

$$C = \kappa\varepsilon_0 \frac{A}{d} = 2 \times 8.85 \times 10^{-12} \times \frac{4}{5 \times 10^{-3}} = 14.16 \times 10^{-9} F$$

Q. The wave velocity in the highest frequency violin string is 530 m s^{-1} and its length λ is 0.55 m. If a violin player lightly touches the string at a point which is at a distance λ/3 from one end, a node is formed at that point. What is the lowest frequency that can now be produced by the string?

Ans မေးခွန်းက stretched string frequency calculation ပါ။ အဖြေက

It is the third harmonic. (n = 3) λ = 0.55 m, v = 530 m s^{-1}, f_3 = ?

$$f_n = \frac{nv}{2l} \qquad\qquad \lambda_3 = \frac{2l}{3}$$

$$f_3 = \frac{3v}{2l} \qquad \text{(OR)} \qquad f_3 = \frac{v}{\lambda_3}$$

$$f_3 = \frac{3 \times 530}{2 \times 0.55} \qquad\qquad f_3 = \frac{3v}{2l}$$

$$f_3 = 1445\ Hz$$

ကြိုက်ရာတစ်နည်းတွက်နိုင်ပါတယ်။ ပုစ္ဆာတွက်တဲ့အခါ အဆင့်လိုက်မှန်အောင် တွက်ပေးဖို့လိုအပ်ပါတယ်။ အဖြေများမှာ unit များကို မှန်အောင်ထည့်ပေးရပါမယ်။ unit မှားခဲ့ရင် unit အတွက် အမှတ်လျော့မှာဖြစ်ပါတယ်။

တတိယအချက်က ပုံရေးဆွဲဖြေဆိုမှုဖြစ်ပါတယ်။ ပုံမှန်ကန်မှုတွင် အပိုင်းလိုက်အမှတ်ခွဲဝေပေးပါတယ်။ Label တပ်ခြင်း မှန်ကန်မှုတွင် အရေအတွက်နှင့် အမှတ်ခွဲဝေပေးပါတယ်။

Q. Draw a ray diagram of a convex lens when the object is between F and 2F. Describe the properties of the image for this case.

Ans. convex lens ရဲ့ F နဲ့ 2F ကြားမှာ object ထားပြီး image formation ရဲ့ ပုံကိုဆွဲခိုင်းပါတယ်။ image properties ကို ရေးခိုင်းပါတယ်။ ray diagram ဆွဲတဲ့အခါ အလင်းတန်းများ မှန်ကန်အောင်ဆွဲရပါမယ်။ မြားထည့်ပေးရပါမယ်။ ပုံရိပ်စစ် (သို့မဟုတ်) ပုံရိပ်ယောင်ကိုလည်း မှန်အောင်ဆွဲပြီး labels များပြည့်စုံရင် ပေးမှတ်အပြည့် ရနိုင်ပါတယ်။



The image is
- beyond 2F
- real
- inverted
- larger than the object

Q. (i) What is a transistor? (ii) Draw a circuit diagram in which the emitter is forward-bias and the collector is reversed-bias (iii) State two properties of Cathode rays.

Ans. ပထမမေးခွန်းက Transistor ဆိုတာ ဘာလဲမေးတာပါ။ အဖြေက

(i) A transistor is a semiconductor device which works as an amplifier.

ဒုတိယမေးခွန်းက Transistor biasing circuit ကို ဆွဲခိုင်းတာပါ။ အဖြေက (ii)



Transistor Biasing circuit

circuit diagram မှာ current directions, labels, battery ရဲ့ polarities ကို မှန်အောင် ထည့်ရပါမယ်။ ဒါမှ ပုံအတွက်ပေးမှတ်အပြည့်ရပါမယ်။

(iii) တတိယမေးခွန်းက cathode rays properties ထဲမှ (၂)ခုကို ဖော်ပြခိုင်းတာပါ။ အဖြေက အောက်မှာပေးထားတဲ့ အထဲက (၂)ခု ရေးရမှာပါ။

1. Cathode rays travel in straight lines.
2. Cathode rays have momentum and kinetic energy.
3. Cathode rays consist of negatively charged particles.
4. Cathode rays can be deflected by electric field as well as magnetic field.

Q Find the force on the centre charge q in the figure shown below.
($q_1 = +4 \times 10^{-6}$ C, $q = -5 \times 10^{-6}$ C and $q_2 = +9 \times 10^{-6}$ C)

Ans မေးခွန်းက centre charge ပေါ်သက်ရောက်တဲ့လျှပ်စစ်အားကိုမေးတာပါ။

ပေးချက်က $q_1 = +4 \times 10^{-6}$ C, $q = -5 \times 10^{-6}$ C and $q_2 = +9 \times 10^{-6}$ C

q_1နှင့် q ကြားအကွာအဝေး = r_1=2 m

q နှင့် q_2 ကြားအကွာအဝေး = r_2=3 m

စာမျက်နှာ ၁၆ ကော်လံ ၁ သို့

စာမျက်နှာ ၁၅ မှအဆက်

By Coulomb's Law $F = \frac{1}{4\pi\varepsilon_0}\frac{q_1 q_2}{r^2}$

The attractive force on q exerted by q_1 is $F_1 = \frac{1}{4\pi\varepsilon_0}\frac{q_1 q}{r_1^2}$

$$F_1 = 9\times10^9 \times \frac{(4\times10^{-6})\times(5\times10^{-6})}{2^2}$$

$$= 0.045\,\text{N}\ (\vec{F}_1 \text{ is directed toward } q_1)$$

The attractive force on q exerted by q_2 is $F_2 = \frac{1}{4\pi\varepsilon_0}\frac{q_2 q}{r_2^2}$

$$F_2 = 9\times10^9 \times \frac{5\times10^{-6}\times9\times10^{-6}}{3^2}$$

$$= 0.045\,\text{N}\ (\vec{F}_2 \text{ is directed toward } q_2)$$

The resultant force on q is $\vec{F} = \vec{F}_1 + \vec{F}_2$

Since $\vec{F}_1$ and $\vec{F}_2$ are opposite in directions, $F = F_1 - F_2$

$= 0.045 - 0.045 \quad = 0\,\text{N}$ ဖြစ်ပါတယ်။

ဒီနေရာမှာ လျှပ်စစ်တစ်ခုကတစ်ခုပေါ်သက်ရောက်သော force ၏ direction များမှန်ကန်ရပါမယ်။ မှန်ကန်မှသာလျှင် resultant force ထွက်တဲ့အခါမှန်ပါမယ်။ direction မှားခဲ့လျှင် resultant force ထွက်တဲ့အခါမှားပါမယ်။ အထူးဂရုပြုဖို့ လိုအပ်ပါတယ်။

Q. One coil of a transformer has 75 turns and the other coil has 1750 turns. The alternating voltage of 300 V is applied to the primary. Find the alternating voltage from the secondary when it is used as (i) a step-up transformer and (ii) step-down transformer.

Ans မေးခွန်းက step-up transformer တစ်ခုနဲ့ step-down transformer တစ်ခုစီကို အသုံးပြုသောအခါ alternating voltage သို့မဟုတ် ac voltage ကိုရှာခိုင်းတာပါ။ step-up transformer မှာ $N_s > N_p$ ဖြစ်သောကြောင့် $N_p = 75$, $N_s = 1750$ ယူပါတယ်။ step-down transformer မှာ $N_p > N_s$ ဖြစ်သောကြောင့် $N_p = 1750$, $N_s = 75$ ယူပါတယ်။

(i)For a step-up transformer, $N_s > N_p$

$V_p = 300$ V, $N_p = 75$, $N_s = 1750$

$$\frac{V_s}{V_p} = \frac{N_s}{N_p}$$

$$V_s = \frac{N_s}{N_p}\times V_p = \frac{1750}{75}\times300$$

$$V_s = 7000\,\text{V}$$

(ii)For a step-down transformer, $N_p > N_s$

$V_p = 300$ V, $N_p = 1750$, $N_s = 75$

$$\frac{V_s}{V_p} = \frac{N_s}{N_p}$$

$$V_s = \frac{N_s}{N_p}\times V_p = \frac{75}{1750}\times300$$

$$V_s = 12.85\,\text{V}$$

ပြဋ္ဌာန်းစာအုပ်၏ သင်ခန်းစာအခန်းတိုင်းတွင် Exemples တွေနှင့် အဆုံးတွင် မေးခွန်းပုံစံများကို လေ့ကျင့်ရန်ပေးထားပါတယ်။ သေသေချာချာ လေ့ကျင့်ထားစေချင်ပါတယ်။

နောက်ဆုံးအနေနဲ့ မှာကြားလိုတာကတော့ ပြဋ္ဌာန်းစာအုပ်အတိုင်း အဓိပ္ပာယ်ဖွင့်ဆိုချက်၊ ဖော်ပြချက်၊ formula များ၊ unit ပြောင်းခြင်း၊ ပုံရေးဆွဲခြင်း၊ label တပ်ခြင်းများကို စနစ်တကျလေ့လာထားလျှင် စာမေးပွဲအတွက် အမှတ်ပြည့်ရရှိနိုင်ပါတယ်။ ရည်မှန်းချက်များ အောင်မြင်ပါစေလို့ ဆုတောင်းပါတယ်။ ။

ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မက/၃၆၂၅၂ Honda Dream 110 ယာဉ်လက်ဝယ်ရှိသူ ဦးတင်ထွန်း၈/ရနခ(နိုင်)၀၁၀၀၁၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ပါရုံးသို့ လာရောက် ဆက်သွယ်ဆောင်ရွက်ပါရန်

ကညန၊ တိုင်းရုံး (မကွေး)။

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်(၂-H)၊မြေကွက်အမှတ် $\frac{၄၇၂L}{၁}$၊ မြေအကျယ် ၀ဒသမ၄၇၇၈ဧက မြေအမည်ပေါက် ဒေါ်ဒေါ်လီ(ခ)ဒေါ်ခင်မမပါ(၃)ဟု မှတ်သားထားသောဂရန်ရှိ မြေပိုင်မြေမျိုး၊ မြေကွက်ကြီးအတွင်းမှ တရားဝင်မခွဲမစိတ်ရသေးသော မြေအစိတ်အပိုင်း $\frac{၃}{၄}$ ခန့်နှင့် ယင်းမြေကွက်အစိတ်အပိုင်းပေါ်ရှိ အမှတ်၇၂-အေ၊ နတ်မောက်လမ်း၊ ဗဟန်းမြို့နယ်ဟုခေါ်တွင်သည့် နှစ်ထပ်ပျဉ်ထောင်အိမ်ဟောင်းအပါအဝင် အကျိုးခံစားခွင့်များကို အမည်ပေါက်ပိုင်ရှင် (၁)ဒေါ်ဒေါ်လီ(ခ)ဒေါ်ခင်မမ ၁၂/ဗဟန(နိုင်)၀၈၀၈၀၉၊ (၂)ဦးခင်မောင်မြင့် ၁၂/သဃန(နိုင်)၁၂၅၂၉၆၊ (၃)ဦးခင်မောင်ညွန့် ၁၂/ဗဟန(နိုင်)၀၈၀၈၁၀ တို့သုံးဦးထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်တို့၏မိတ်ဆွေတစ်ဦးက စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ဤမြေကွက်အစိတ်အပိုင်းနှင့် အိမ်လွှဲပြောင်းရောင်းချသောကိစ္စရပ်အပေါ် အကျိုးသက်ဆိုင်ခွင့်ရှိ၍ ကန့်ကွက်လိုသူများရှိပါက စာရွက်စာတမ်းအထောက်အထားခိုင်လုံစွာဖြင့် ရုံးချိန်အတွင်း ကျွန်ုပ်တို့ထံသို့ ဤကြော်ငြာပါသည့်ရက်မှ ရက်ပေါင်း၃၀အတွင်း လာရောက်ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်စေရန် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

(၁)ဦးလှမြင့်(ဒဂုံ)နှင့်သမီး	**(၂)ဒေါ်မေစပယ်မြင့်**	**(၃)ဦးတင်အောင်ကြည်(တောင်သုံးလုံး)**
(စဉ်-၉၀၁၂)	**(စဉ်-၃၂၉၉၂)**	**(စဉ်-၃၀၇၂၂)**
H.G.P, W.I.P.O	**LL.B, D.B.L,W.I.P.O**	**(LL.B)**
(Switzerland)	**(Switzerland)**	

အထက်တန်းရှေ့နေများ

ဖုန်း-၅၃၄၃၆၉၊ ၀၉-၅၀၃၁၈၁၀၊

အခန်းအမှတ် ၂၀၂/ဒီ(သုံးလွှာ)၊ တိုက်(၉/၁၁)၊ ၃၆လမ်း(လမ်းတို)၊

ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

ပြင်ဦးလွင်မြို့နယ်တရားရုံး

၂၀၁၁ခုနှစ် တရားမကြီးမှုအမှတ်- ၁

ဒေါ်ခင်မာစော **နှင့်** ဒေါ်ကြည်ကြည်ဌေး

တရားလို **တရားပြိုင်**

ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(ဂ)၊ ပဒေသာမြို့သစ်၊ (၇)ရပ်ကွက်၊ ဦးပိုင်အမှတ် ၂၆၉၊ ရတနာလမ်းနေ ဒေါ်ကြည်ကြည်ဌေး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ကတိအတိုင်းအရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၁ခုနှစ် ဇန်နဝါရီ ၂၇ရက် (၁၃၇၂ခုနှစ် ပြာသိုလပြည့်ကျော် ၈ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင်သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်ကတင်သွင်းရမည်။

၂၀၁၁ခုနှစ် ဇန်နဝါရီ ၁၂ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

နန်းညိုရှင်းလင်း

ဒုတိယမြို့နယ်တရားသူကြီး

ပြင်ဦးလွင်မြို့နယ်တရားရုံး။

ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မတလ/၂၃၆၅၀၇ Toyota 125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးမင်းမြတ် ၉/မရမ(နိုင်)၀၈၅၆၆၃က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့။

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့၌ ကျောက်မီးသွေး အကြီးစားတူးဖော်ထုတ်လုပ်မှုလုပ်ငန်း သဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲ ကျင်းပ

တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၅ နှင့် ၁၆ တွင် တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု သိမှတ်ဖွယ်ရာ ရူပဗေဒဘာသာ သင်ခန်းစာကို ဖော်ပြထားပါသည်။

နေပြည်တော် ဇန်နဝါရီ ၁၉

သတ္တုတွင်းဝန်ကြီးဌာန အမှတ်(၃) သတ္တုတွင်းလုပ်ငန်းနှင့် လေးဦးအဖွဲ့သတ္တုလုပ်ငန်းကုမ္ပဏီလီမိတက်တို့၏ စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် မော်လိုက်မြို့နယ် ဓားသွေးကျောက်ချောင်းဒေသနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) ရွာငံမြို့နယ် မင်းပလောင်ဒေသတို့၌ ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့်စနစ်ဖြင့် ကျောက်မီးသွေး အကြီးစားတူးဖော်ထုတ်လုပ်မှုလုပ်ငန်း သဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲအခမ်းအနားကို ဇန်နဝါရီ ၁၈ ရက် ညနေ ၅ နာရီတွင် နေပြည်တော်ရှိ သတ္တုတွင်းဝန်ကြီးဌာန သီရိရတနာခန်းမ၌ကျင်းပရာ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဦးအုန်းမြင့်၊ သတ္တုတွင်းဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာန/လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့်

စာမျက်နှာ ၉ ကော်လံ ၁ ❍

မော်လိုက်မြို့နယ် ဓားသွေးကျောက်ချောင်းဒေသနှင့် ရွာငံမြို့နယ် မင်းပလောင်ဒေသတို့၌ ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့်စနစ်ဖြင့် ကျောက်မီးသွေး အကြီးစား တူးဖော်ထုတ်လုပ်မှုလုပ်ငန်း သဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲ ကျင်းပစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း နောက်ဆုံးရ နိုင်ငံတကာသတင်း

၂၀၁၂ ခုနှစ်၌ ရာသီဥတုဖောက်ပြန်မှုကြောင့် ကမ္ဘာ့လူဦးရေ သန်းနှင့်ချီ သေဆုံးနိုင်ဟုဆို

ကမ္ဘာ့ရာသီဥတု ပြောင်းလဲဖောက်ပြန်မှုကြောင့် လာမည့် ၂၀၁၂ ခုနှစ်တွင် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်ကာ လူဦးရေ သန်းနှင့်ချီ၍ သေဆုံးရဖွယ်ရှိကြောင်း သုတေသနပညာရှင် မိုက်ကယ် ဟို့ဖ်မင်း၏ သုတေသနမှတ်တမ်း၌ ဖော်ပြလိုက်သည်။

စာမျက်နှာ ၉ ကော်လံ ၁ ❒

ထူးခြားသည့် ညအပူချိန်များ ၁၉-၁-၂၀၁၁

ဟားခါးမြို့ ၀ ဒီဂရီစင်တီဂရိတ်	လားရှိုးမြို့ ၆ ဒီဂရီစင်တီဂရိတ်
နမ့်စန်မြို့ ၅ ဒီဂရီစင်တီဂရိတ်	ပလက်ဝမြို့ ၆ ဒီဂရီစင်တီဂရိတ်